# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ **လောကဝဂ်(ဓမ္မပဒ-၁၇၀)**


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 27 September 2024 ၁၁၅၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ၍ နိုင်ငံရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

**နေပြည်တော် စက်တင်ဘာ ၂၆**

၁။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

၂။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ကျောက်ဆည်ခရိုင်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူတစ်ဦးက ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေစဉ်။

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှုခ်ဦးအား တိုင်းဒေသကြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆


**ယနေ့ ဖတ်စရာ**

**အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ဝန်ထမ်းစုဆောင်း ရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၅

**ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ(၁၃၇)ခုအနက် ပို့ကုန်ရငွေ စာရင်းရှင်းလင်းပြီးသော ကုမ္ပဏီ(၅၉)ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာချက်**

စာမျက်နှာ » ၁၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော် လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များ**

စာမျက်နှာ » ၁၆



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၃ ) ရက်သာ လိုတော့သည်။**

ကြေးမုံ

# ဖွံ့ဖြိုးတိုးတက်မှုနှင့်ငြိမ်းချမ်းမှု ခရီးသွားလုပ်ငန်းအထောက်အကူပြု

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့(ယနေ့)သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဖြစ်သည်။ ဤနေ့အတွက် "ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး" ဆောင်ပုဒ်ကို ချမှတ်ထားသည်။ အနှစ်သာရရှိပြီး လက်ရှိအခြေအနေနှင့်ထင်ဟပ်သော အဆိုပါဆောင်ပုဒ်နှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကမ္ဘာတစ်ဝန်းလုံး၌ ငြိမ်းချမ်းသာယာမှုအပေါင်းကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်အမှတ်စဉ်(၁၆)၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံ ခိုင်မာအားကောင်းလာရေးဟူသောအချက်ပါရှိသည်။ ယနေ့ကမ္ဘာပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများအားလုံးတွင် ကုလသမဂ္ဂက ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း ဦးတည်လိုက်နာအကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အားဖြည့်ဖော်ဆောင်ရာရောက်သည်။

ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံများအဖြစ် တင်စားခေါ်ဆိုထားပြီး ခရီးသွားလုပ်ငန်းများမှတစ်ဆင့် စီးပွားရေးတိုးတက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းစေသည်။ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးသွားလုပ်ငန်းကို အားကောင်းစေနိုင်ခြင်းဖြင့် အပြန်အလှန် အထောက်အကူပြုသည်။ အလားတူပင် ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးသည်လည်း အပြန်အလှန်အမှီသဟဲပြုသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းချောမွေ့နေပါမှ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ် မဖြစ်မနေလိုအပ်သည်။ ခရီးသွားလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှု သို့မဟုတ် ငြိမ်းချမ်းမှုရှိနေခြင်း၏ ပြယုဂ်တစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တွန်းအားသဖွယ်ဖြစ်လာသည်။ ခရီးသွားလုပ်ငန်း၏ အကျိုးရလဒ်များကိုသိရှိလာရာမှ အကျိုးရလဒ်များကိုလိုလားပြီး မငြိမ်းချမ်းသောအခြေအနေများကို ရှောင်ရှားလာကြသည်။ ခရီးသွားလုပ်ငန်းသည် ဖြစ်မှုအနေထားတစ်ခုမှ ပြုမှုအနေထားတစ်ရပ်သို့ ပြောင်းလဲသွားသည်။

ယနေ့ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းများမှ နိုင်ငံ့ဝင်ငွေအမြောက်အမြားရရှိနေသောနိုင်ငံများရှိသည်။ နိုင်ငံ၏ ရှိရင်းသဘာဝအခြေအနေများပေါ် အခြေခံပြီး တည်ငြိမ်အေးချမ်း သာယာဝပြောမှု၏ အကျိုးဆက်များဖြစ်သည်။ ကမ္ဘာပေါ်တွင် စစ်မက်ဖြစ်ပွားနေသော နိုင်ငံများ၌ ခရီးသွားလုပ်ငန်းများ ဆုတ်ယုတ်လာပြီး နိုင်ငံ့ဝင်ငွေ လျော့နည်းသွားသည်။ စစ်မက်ဖြစ်ပွားမှုကင်းဝေးပြီး တည်ငြိမ်အေးချမ်းသာယာဝပြောမှုရှိပါက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်။ သာဓကအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံသည် ပြီးခဲ့သည့်ကာလများက လက်နက်ကိုင်အကြမ်းဖက်ပဋိပက္ခများနှင့် အကျည်းတန်အရုပ်ဆိုးသည့်နိုင်ငံဖြစ်ခဲ့သော်လည်း မျက်မှောက်ကာလတွင် စစ်ပွဲများကင်းဝေးပြီး ငြိမ်းချမ်းသောအခြေအနေ ရောက်လာသောကြောင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သာယာလှပသည့် ရေ၊ မြေ၊ တောတောင်သဘာဝများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်၏ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများစသည်ဖြင့် စိတ်ဝင်စားဖွယ်ရာများ စုံလင်စွာရှိသဖြင့် ခရီးသွားများစိတ်ဝင်စားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့သော် နိုင်ငံ၏ လက်ရှိအခြေအနေအရ ငြိမ်းချမ်းမှုနှင့်တည်ငြိမ်အေးချမ်းသာယာဝပြောမှုကို အနှောင့်အယှက်ဖြစ်စေသော ပြဿနာများရှိနေသောကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံမြောက်ပိုင်း၌ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ခရီးသွားနေရာများစွာရှိသော်လည်း မငြိမ်းချမ်းမှုကြောင့် ခရီးသွားများ နည်းပါးလျက်ရှိသည်။ အဆိုပါမြောက်ပိုင်းနေရာနှင့် တစ်မြေတည်းရှိသည့်နိုင်ငံနှင့် အရှေ့ဘက်ရှိ အိမ်နီးချင်းနိုင်ငံများတွင်မူ နိုင်ငံတည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသောကြောင့် ပြည်တွင်းပြည်ပခရီးသွားများ အဆက်မပြတ် အမြောက်အမြားလည်ပတ်နေကြသည်ကို အားရဖွယ်တွေ့မြင်နေရသည်။

ခရီးသွားလုပ်ငန်းကြောင့် ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုယန္တရားများ အားကောင်းလာခြင်းတို့သည် အပြုသဘောဆောင်သော ပြောင်းလဲတိုးတက်မှုများဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုများအား ကျော်လွှားတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ(၁)ဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦး ကို အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဝေါမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအတွက် သွင်းအားစုများ ပံ့ပိုး

ဝေါ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် သမဝါယမအသင်းသားတောင်သူများအား မိုးစပါးစိုက်ပျိုးရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ အဗျားအလယ်စုကျေးရွာ စိန်ရွှေရတနာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းမှ အသင်းသား ၅၁ ဦး၏ စိုက်ဧက ၃၁၆ ဧက၊ အဗျားဘိုတဲကျေးရွာ အဗျားဘိုတဲ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၅၁ ဦး၏ စိုက်ဧက ၄၇၇ ဧက၊ ကမာကဘန်ကျေးရွာ မြောက်ကမာကဘန်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၆၁ ဦး၏ စိုက်ဧက ၅၇၅ ဧက၊ ဦးဖိုးစိန်ကျေးရွာ စံပြလူငယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၆၁ ဦး၏ စိုက်ဧက ၆၃၂ ဧက အပါအဝင် စုစုပေါင်း ဆင်းသုခမျိုး မိုးစပါးစိုက်ဧက ၂၀၀၀ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင်ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုဓာတ်မြေဩဇာများ ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် မိုးစပါးများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လပွတ္တာမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်းနှင့် ပြုပြင်နည်း သင်တန်းဖွင့်

လပွတ္တာ စက်တင်ဘာ ၂၆

လပွတ္တာမြို့နယ်၌ ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လပွတ္တာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်းနှင့် ပြုပြင်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီ က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးတို့က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၇ ရက် အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မူမူ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၁၈၁ | ၁,၅၈၂,၆၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၀၀ | ၅,၁၄၂ | ၁၇,၆၀၃,၆၅၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၄ | ၃၆,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၄,၃၅၇ | ၈,၂၈၃,၃၀၀ |
| TMH | ၂,၉၅၀ | ၂,၉၀၀ | ၂၀၇ | ၅၈၆,၃၅၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၉၃၀ | ၁,၅၈၂,၅၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၂၂၂ | ၉၉၉,၀၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၃၈၅ | ၁,၃၂၈,၂၅၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❍ ရှေ့ဖုံးမှ

လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် လည်းကောင်း အစီအမံများချမှတ်ခြင်း၊”

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံလေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့်အတူ စစ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



❖ နိုင်ငံရေးမှ

နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မဓိတ်မသုန် ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှုများစွာ ဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

၃။ ယနေ့အချိန်တွင် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့်သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ (၁)ရက်နေ့တွင် စတင်ကောက်ယူတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင် လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

**စုပေါင်းသွေးလှူဒါန်း**

နံနက်ပိုင်းတွင် အဆိုပါဆေးရုံများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် (၁) နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အာဟာရ ဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးမျိုးစုံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၄၇ ဦးတို့က ဆက်လက်စုပေါင်း သွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း ဂုဏ်ပြုသွေးလှူဒါန်းသူ ၅၆၀ ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ မူလတန်းကျောင်းများ၌ ရေဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေး လုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာစာသင်ကျောင်းများမှ ကျောင်းဆရာ ဆရာမများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ကျောက်ဆည်မှ**

ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကရာတေးအဖွဲ့၊ ကျောက်ဆည်ဆင်အကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

**ကြိုးစားဆောင်ရွက်**

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအတွက် အဓိကရည်ရွယ်၍ကျင်းပပေးခြင်းဖြစ်ကြောင်း၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝပြီး ဗလငါးတန်နှင့် ပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာစေရေး၊ တိုင်းပြည်အတွက်တန်ဖိုးထားရသည့် အနာဂတ်ခေါင်းဆောင်များပေါ်ထွန်းလာရေးတို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့၊ လောကအားမာန်၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများကိုကြည့်ရှုအားပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူအဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသည့် စာအုပ်များကို တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြပွဲ၊ ပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဘာသာ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်၊ ဗုဒ္ဓသာသနာဆိုင်ရာ အထင်ကရနေရာများသို့ ဘုရားဖူး သွားရောက်ကြသည့် ဘုရားဖူးပြည်သူများအတွက် ပြည်ဝင်ဗီဇာအဆင်ပြေမှုရှိစေရန် ကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံအကြား ဘုရား၊ စေတီတော်များ ဖူးမြော်ကြည်ညိုခြင်းဆိုင်ရာများ၊ ဗုဒ္ဓတက္ကသိုလ်များ အကြား ကူးလူးဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md.Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အပြန်အလှန်လေးစားမှုတို့ဖြင့် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပညာရှင်များအကြား ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများကျင်းပ၍ ပညာရပ်ဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ကုသခြင်းလုပ်ငန်းများနှင့် ရောဂါစောင့်ကြည့်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ဦးဆောင်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပူးပေါင်းမှုဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇)၌ Virtual Platform ဖြင့် ကျင်းပသည်။




**တက်ရောက်**

ဆွေးနွေးပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ သူရဦးဘိုနီနှင့် ဦးကျော်မျိုးထွဋ်၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် ဆက်စပ်ကဏ္ဍများမှ ပြည်တွင်း၊ ပြည်ပ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲပထမပိုင်းကို ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူပွင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်မှုအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပေါ် လက်ရှိ လုပ်ဆောင်လျက်ရှိသည့် အတွေ့အကြုံနှင့် နည်းလမ်းကောင်းများကို အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေဖလှယ်ကြပြီး တင်ပြခဲ့သည့် အချက်အလက်များအပေါ် ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လေ့ကျင့်သင်ကြားရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကို အဆင့် မြှင့်တင်ဆောင်ရွက်မှုအပေါ် ခြုံငုံသုံးသပ်ခြင်းကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခ ဦးတင်စိုးက ဦးဆောင်ဆွေးနွေးပြီး မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက လက်ရှိစိန်ခေါ်မှုများနှင့် အလားအလာများ အပေါ် မျှဝေဖလှယ်ကြပြီး တင်ပြခဲ့သည့် အချက်အလက်များအပေါ် ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းသည်။

ဆက်လက်၍ အုပ်စုအလိုက် ဆွေးနွေးကာ ဆွေးနွေးမှုရလဒ်ကို အုပ်စု ကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်တင်ပြကြ၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအချက်များကို ကောက်နုတ်သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေးကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) အတွက် မြန်မာနိုင်ငံက တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်း စီမံချက်တစ်ခုဖြစ်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ဝန်ထမ်းစုဆောင်းရွေးချယ်ရေးနှင့် လေ့ကျင့်သင်ကြားရေးစနစ်တို့တွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖော်ထုတ်လေ့လာပြီး ပိုမိုကောင်းမွန် ထိရောက်သော စနစ်ကိုအသုံးပြုရန်၊ ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြု၍ အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို မှတ်တမ်းတင်ရန်၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကို မျှဝေရန်နှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

UN Tourism
၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
“ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး”
WORLD TOURISM DAY 2024 | TOURISM AND PEACE
၂၇ - ၉ -၂၀၂၄
MICC-2 ၊ နေပြည်တော်

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက်
ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ရေလွှမ်းမှုဘေး ကာကွယ်ရေး

ဒေါက်တာဝင်းဝင်းမျိုး

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တိုင်ဖွန်းမုန်တိုင်း ရာဂီ (Typhoon Yagi ) ကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ ပြင်းထန်စွာ သက်ရောက်ခဲ့ပါသည်။

ရာဂီကြောင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်နှင့် လာအိုတို့တွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများကြောင့် သေဆုံးမှုများနှင့် အိမ်ရာပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ ရာဂီသည် အရှေ့တောင်အာရှတွင် ဒေသတွင်း လူနေမှုပုံစံများ အထိခိုက်ဆုံးသော တိုင်ဖွန်းမုန်တိုင်းတစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် စက်တင်ဘာလ ၈ ရက်နေ့မှစတင်ပြီး တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ် ကိုးခု အတွင်း ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကြောင့် လူသေဆုံးမှုများ၊ အိမ်ရာပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ယခုကဲ့သို့ ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် ရေလွှမ်းမိုးမှုများ ကြုံတွေ့လာပါက အောက်ပါအတိုင်း အရေးပေါ်ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်ပါသည် -

(က) ရေမကြီးမီ ပြင်ဆင်မှု၊
(ခ) ရေကြီးနေစဉ် တုံ့ပြန်မှု၊
(ဂ) ရေကြီးပြီး ပြန်လည်ထူထောင်မှု

**(က)ရေမကြီးမီ ပြင်ဆင်မှု**

(၁) သတင်းရယူပါ။

ဒေသခံသတင်းများ၊ ရာသီဥတုနောက်ဆုံးအခြေအနေများ၊ သတိပေးချက်များကို ဖုန်း၊ တီဗွီ၊ ရေဒီယို သို့မဟုတ် ရာသီဥတု App များမှ ကြည့်ရှုပါ။ အရေးပေါ် သတိပေးချက်များကို မှတ်သားပါ။

(၂) အရေးပေါ်အစီအစဉ်ရေးဆွဲပါ။

ထွက်ပြေးရန် လမ်းကြောင်းနှင့် မြင့်မားသောနေရာသို့ ရောက်ရန် စီစဉ်ထားပါ။ မိသားစုအားလုံး အဆိုပါအစီအစဉ်ကို သိရှိအောင်လုပ်ပါ။

(၃) အရေးပေါ်လိုအပ်သောအထုပ်ပြင်ဆင်ပါ။

ရေ၊ အစာ၊ ဆေးဝါးများ၊ ပထမဆုံးအကူအညီပစ္စည်းများ၊

> ❛ ရေလွှမ်းမိုးခဲ့သည့် ရေများသည် ညစ်ညမ်းသောရေများဖြစ်နိုင်ပြီး ပိုးမွှားများ၊ ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်။ ယင်းရေများနှင့် ထိတွေ့မှုကို ရှောင်ရှားပြီး သောက်သုံးမည့်ရေ၏ သန့်ရှင်းမှုကို စစ်ဆေးပါ။
>
> အိမ်ပြန်ရောက်လာပြီးသည်နှင့် အိမ်၏ နဂိုတည်ဆောက်ပုံအတွင်းနှင့် အပြင်ကို စစ်ဆေးပါ။ အိမ်အရိုးအဆစ်ပျက်စီးမှုရှိပါက မခိုင်မာပါက အိမ်ထဲသို့ မဝင်ပါနှင့် ❜



မီးဖိုချောင်သုံးပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများ (ရေစိုခံ အထည်များထဲတွင်ထည့်ပါ) နှင့် အဝတ်အထည်များ အထုပ်ထဲတွင် ထည့်ပါ။

(၄) မိမိပစ္စည်းများကို ကာကွယ်ပါ။

အရေးကြီးပစ္စည်းများနှင့် စာရွက်စာတမ်းများကို အိမ်အပေါ်ထပ် (အမြင့်နေရာ)သို့ ပြောင်းရွှေ့ပါ။ ခြံအတွင်းရှိ ပရိဘောဂများကို အိမ်ထဲသို့ သွင်းထားပါ။ ရေသွယ်ဝင်မှုကို သဲအိတ်များဖြင့် တားဆီး ကာကွယ်ပါ။

(၅) လျှပ်စစ်နှင့် ရေပူစနစ်များ ပိတ်ပါ။

ရေကြီးနိုင်သည်ဟု သံသယရှိပါက လျှပ်စစ်ခေါတ်အား၊ ဓာတ်ငွေ့နှင့် ရေအပူစနစ်များကို ပိတ်ထားခြင်းဖြင့် ထိခိုက်မှုများမှ ကာကွယ်ပါ။

**(ခ) ရေကြီးနေစဉ် တုံ့ပြန်မှု**

(၁) မိမိနေရာမှ ချက်ချင်းထွက်ပါ။

သက်ဆိုင်ရာအာဏာပိုင်များထံမှ သတိပေးချက်ကိုရရှိပါက ချက်ချင်းထွက်ခွာပါ။ နီးစပ်ရာကယ်ဆယ်ရေးစခန်းသို့သွားပါ သို့မဟုတ် မြင့်မားသောနေရာသို့ ပြောင်းရွှေ့ပါ။

(၂) ရေစီးကြောင်းများအတွင်း မဝင်ပါနှင့်။

ရေစီးကြောင်းများထဲတွင် လမ်းမလျှောက်ပါနှင့်။ ကားမမောင်းပါနှင့်။ ရေသည် မျက်မြင်ထင်မှတ်သည်ထက် ပိုမိုနက်ရှိုင်း၍ ပြင်းထန်နိုင်သည်။ ရေစီးကြောင်းပမာဏ ငါးလက်မလောက်သာရှိလျှင်လည်း လူတစ်ဦးကို ဆွဲခေါ်နိုင်ပါသည်၊ နှစ်ပေလောက်သာရှိသော ရေစီးကြောင်းကလည်း မော်တော်ယာဉ်များကို အလွယ်တကူ ဆွဲခေါ်နိုင်ပါသည်။

(၃) အိမ်အတွင်းနေပါ (လုံခြုံလျှင်)။

ထွက်ပြေး၍မရနိုင်ပါက အိမ်အပေါ်ထပ် သို့မဟုတ် အိမ်မိုး အထက်သို့တက်ပါ။

(၄) သတင်းရယူနေပါ။

ဒေသတွင်းရာသီဥတုနှင့် အရေးပေါ်သတိပေးချက်များကို ဆက်လက်ကြည့်ရှုပါ။

(၅) လျှပ်စစ်ပစ္စည်းများ မသုံးပါနှင့်။ အိမ်အတွင်း ရေပြည့်နေပါက လျှပ်စစ်ပစ္စည်းများကို မထိ၊ မဖွင့်ပါနှင့်။

**(ဂ) ရေကြီးပြီး ပြန်လည်ထူထောင်မှု**

(၁) ပြန်လာစဉ် လိုက်နာပါ။

သက်ဆိုင်ရာအာဏာပိုင်များ ပြန်လည်ဝင်ရောက်ခွင့်ပြုသည့် အခါမှသာ ပြန်လာပါ။ လျှပ်စစ်ကြိုးပြတ်ကျနေမှုများ၏ အန္တရာယ်များကို သတိပြုပါ။

(၂) ညစ်ညမ်းသောရေကို သတိပြုပါ။

ရေလွှမ်းမိုးခဲ့သည့် ရေများသည် ညစ်ညမ်းသောရေများဖြစ်နိုင်ပြီး ပိုးမွှားများ၊ ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်။ ယင်းရေများနှင့် ထိတွေ့မှုကို ရှောင်ရှားပြီး သောက်သုံးမည့်ရေ၏ သန့်ရှင်းမှုကို စစ်ဆေးပါ။

(၃) ပျက်စီးမှုများ စစ်ဆေးပါ။

အိမ်ပြန်ရောက်လာပြီးသည်နှင့် အိမ်၏ နဂိုတည်ဆောက်ပုံအတွင်းနှင့် အပြင်ကို စစ်ဆေးပါ။ အိမ်အရိုးအဆစ်ပျက်စီးမှုရှိပါက မခိုင်မာပါက အိမ်ထဲသို့ မဝင်ပါနှင့်။

(၄) ရေလွှမ်းမိုးထိခိုက်မှုများကို သန့်ရှင်းပါ။

ရေလွှမ်းမိုးမှုထိခိုက်ခံခဲ့ရသော ပစ္စည်းများနှင့် နေရာများကို ပြန်လည်သန့်စင်၍ ပိုးမွှားများနှင့် ညစ်ညမ်းမှုများကို ဖယ်ရှားပါ။

(၅) အကူအညီရယူပါ။

ဒေသခံအာဏာပိုင်များ သို့မဟုတ် ကယ်ဆယ်ရေးအဖွဲ့များထံသို့ အကူအညီတောင်းခံပါ။

အထက်ပါအချက်များကို လိုက်နာခြင်းအားဖြင့် မိမိနှင့် မိမိ မိသားစုများ၏ အသက်အန္တရာယ်များနှင့် မိမိတို့၏ပစ္စည်းများ ဆုံးရှုံး ထိခိုက်မှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ။

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၂၈-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါသည်-

(၁) ဒေါ်လွဲ့လွဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊
ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရေဘေးဒဏ်ခံခဲ့ရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ရေဘေးဒဏ်ခံခဲ့ရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ငွေကျပ် ၆၀၃၀၀၀၀၊ Royal Shambella Co.,Ltd.မှ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် ၁၆၀၃၀၀၀၀ ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်




## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများအတွင်း တင်ကျန်နေသော သဲ၊ နုန်းများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစု(အရှေ့)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သည့်နုန်းများ ဖယ်ရှားရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ပျဉ်းမနားမြို့နယ် အင်းသာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း (သာယာအင်း)ကျောင်းဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သည့်နုန်းများ ဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင်-ကျည်တောင်-ခါးမ-ညောင်ပင်သာသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ဇီးဖြူပင်ကျေးရွာအနီး ကတ္တရာလမ်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့်နေရာအား ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သစ်ဆိမ့်ပင်ကျေးရွာနှင့် ဇီးဖြူပင်ကျေးရွာအကြားတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် ပေါင်းလောင်းလက်ယာမြောင်းမကြီး ရေမြောင်းတာပေါင် ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အတွင်း နုန်းများ ဖယ်ရှားရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆင်သေကျေးရွာ သာသနာ့ပုညကာရီရွာဦးကျောင်းတိုက်အတွင်း ရေဘေးသင့် ပြည်သူများအား အားပေးစကား ပြောကြားကာ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ထမင်းဘူးများ ထောက်ပံ့ပေးအပ်ပြီး သာသနာ့ပုညကာရီ ရွာဦးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးက သက်ဆိုင်ရာကုမ္ပဏီ၏အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

## တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ရေကြီးနစ်မြုပ်မှုခံရသော သီးနှံများအား ပြန်လည်ကုစားရန် အသိပညာပေးဆွေးနွေး



**တပ်ကုန်း စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်း တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ရေကြီးနစ်မြုပ်မှုခံခဲ့ရသော သီးနှံစိုက်ခင်းများ ပြန်လည်ကုစားနိုင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲများကို ယနေ့တွင် တပ်ကုန်းမြို့နယ်ရှိ အောင်မြေရိပ်သာကျေးရွာနှင့် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာတို့၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ဦးဆောင်၍ ပြည်ထောင်စုနယ်မြေ သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးတာဝန်ခံများ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပြီး "စပါးဖြုတ်ပိုးအမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်းနည်းများ" လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ စိုက်ပျိုးရေးဆေးကုမ္ပဏီများက လှူဒါန်းသည့် ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများအား ထောက်ပံ့ပေးအပ်ပြီး အသိပညာပေးဆွေးနွေးပွဲများတွင် ရှင်းလင်းဆွေးနွေးပြောကြားသည့် စိုက်ပျိုးရေးလုပ်ငန်းမေးခွန်းများကို ပြန်လည်ဖြေကြားနိုင်သော တောင်သူများအား ညွှန်ကြားရေးမှူးများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

(၁၈) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
BREAKING RABIES BOUNDARIES
"အတားအဆီးများကိုကျော်လွှန်မှ ခွေးရူးရောဂါကင်းစင်ပ ခြေလှမ်းတိုင်းမှာ ပါဝင်ကြ"



နေပြည်တော်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့
INTERNATIONAL DAY OF OLDER PERSONS
သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး
" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"
၁.၁၀.၂၀၂၄
နေပြည်တော်

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ MITS ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဘုရင့်နောင် ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS)သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရာနှုန်းပြည့်ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တစ်ဖက်တစ်လမ်းမှ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ MITS အနေဖြင့် ပြည်ပသို့ပစ္စည်းများတင်ပို့သည့် ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် အရေအတွက်နှင့် အရည်အသွေးများကို သင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre–shipment Inspection)၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက သိုလှောင်ထားရှိသည့် ပြည်ပပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်သီးနှံများ၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများနှင့် ဘူးသွင်းဆီများ၏ အရေအတွက်၊ အရည်အသွေးတို့အား စစ်ဆေးခြင်း၊ ကတ္တရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကိုယ်စားပြု နမူနာရယူခြင်းစသည့်လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိရာ အခြားပို့ကုန်သွင်းကုန်ပစ္စည်းများကိုလည်း ထပ်မံတိုးချဲ့စစ်ဆေးနိုင်ရေး ကြိုးပမ်းသွားရန် တိုက်တွန်းလိုကြောင်း၊ MITS သည် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အားကိုးအားထားနိုင်သည့်အဖွဲ့အစည်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်း၊



စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး အဂတိတရားကင်းရှင်းသည့်အဖွဲ့အစည်းဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် MITS ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့် MITS တွင် ပို့ကုန်သွင်းကုန်စစ်ဆေးရန် လုပ်ငန်းအများဆုံး အပ်နှံပေးကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သမဝါယမအသင်းဖွဲ့စည်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာအသိပညာပေးဆွေးနွေးပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

သမဝါယမ အသင်းဖွဲ့စည်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညာဏ်ဝင်းမောင်နှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ မူဝါဒတစ်ရပ်ဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့် သမဝါယမစနစ်၊ သမဝါယမစီးပွားရေးကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများအားလုံး သိရှိထားကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး သမဝါယမအသင်းဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် ဟောပြောချက်များကို သေချာစွာ လေ့လာမှတ်သားကြရန်နှင့် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝိုင်းဝန်းဆွေးနွေးပြီး မိမိတစ်ဦးချင်းမှစ၍ မိမိအဖွဲ့အစည်း၊ မိမိ၏ဌာနအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ပါဝင်၍ သမဝါယမ အသင်းသားကောင်းများ ဖြစ်ကြစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနတွင် သမဝါယမစနစ်ကို ထူထောင်၍ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက သမဝါယမအသင်းများဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာအသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးကီးလိန်းက ကလေးအလုပ်သမားဆိုင်ရာ အခြေခံအချက်များနှင့် ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း၍ တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာနိုင်က ကလေးအလုပ်သမားဆိုင်ရာ ဥပဒေကောက်နုတ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားမှုများ ပြုလုပ်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝါကြိတ်စက်ရုံ(ရမည်းသင်း)၌ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတို့ပူးပေါင်း၍ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်ခွဲစက်အား နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မောင်းနှင် အသုံးပြုနိုင်ရေးအတွက် ဆိုလာပြားများ တပ်ဆင်ထားရှိမှု၊ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးမရရှိသည့်ဒေသများရှိ တောင်သူများ အနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ဝါများကြိတ်ခွဲနိုင်ရေးအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအနေဖြင့် ထွက်ရှိသည့်ဝါများကို တိုက်ရိုက်ရောင်းချခြင်းထက် ဝါကြိတ်စက်ဖြင့်ကြိတ်ခွဲပြီး ဝါဂွမ်းပြုလုပ်ရောင်းချပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်၍ အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိတ်ခွဲခြင်းဖြင့် အဆင့်မီဝါဂွမ်းများရရှိပြီး ချည်များထုတ်လုပ်ပါက ချည်များ၏အရည်အသွေးများ ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အဆင့်မီချည်များ ထုတ်လုပ်နိုင်ပါက ပြည်ပမှ ချည်တင်သွင်းရမှုကို လျှော့ချနိုင်မည့်အပြင် အဆင့်မီပိတ်များ ရက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ဝါကြိတ်ခွဲခြင်းလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယခုစမ်းသပ်လည်ပတ်သည့် ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်သည် အိန္ဒိယနိုင်ငံထုတ် Bajaj အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် ဝါပိဿာ ၆၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်ကာ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်များကို နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်နိုင်ရေးအတွက် ဆိုလာတစ်ချပ်လျှင် ၆၆၅ ဝပ် ထွက်ရှိသည့်ဆိုလာပြား ၁၄ ချပ် တွဲဆက်ပြီး ၇ ဒသမ ၅ ကီလိုဝပ် ဟိုက်ဘရစ်အင်ဗာတာ အသုံးပြု၍ ဝါကြိတ်စက်ကို စမ်းသပ်ဝါကြိတ်ခွဲနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေး**

ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကို ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သာစည်မြို့နယ် ထူးတွင်းကျေးရွာမူလတန်းကျောင်း၌ မြို့နယ်မီးသတ်တပ်ဖွဲ့က သန့်ရှင်းရေးဆောင်ရွက်

သာစည် စက်တင်ဘာ ၂၆

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ်တွင် ရာဂီမုန်တိုင်း အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်၍ ရေဝင်ရောက်ခဲ့သည့် တောကင်းကျေးရွာအုပ်စု ထူးတွင်းကျေးရွာ မူလတန်းကျောင်း၌ ယနေ့တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ဆရာ ဆရာမများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ရွံ့နွံ့များ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ စာသင်ခုံများ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ် ဖြင့် ရေထိုးဆေးကြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရမည်းသင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ရမည်းသင်း စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော် ဦးဆောင်၍ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများသည် မြို့နယ်အတွင်း မိုးရေကြီးပြီး ရေကြီးရေလျှံဖြစ်ကာ ရေနစ်မြုပ်ခြင်း၊ ရေဝင်ခြင်းများဖြစ်ခဲ့သော ရပ်ကွက်၊ ကျေးရွာ ၆၆ ခုတို့တွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ ခြောက်ဖွဲ့မှ ကျန်းမာရေးဝန်ထမ်း ၇၅ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။



ရမည်းသင်းမြို့နယ်၌ မိုးရွာသွန်းခြင်းကြောင့် ရေဘေးသင့် အိမ်ထောင်စု ၁၅၀၂၄ စု၊ ရေဘေးသင့်ပြည်သူ ၅၄၀၂၃ ဦးရှိပြီး ရေဘေးသင့်ပြည်သူ ၅၂၈၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ပြည်သူ ၂၈၇၂၅ ဦးအား အသိပညာပေးခြင်း၊ ရေအရင်းအမြစ်များဖြစ်သည့် ရေတွင်းရေလှောင်ကန်၁၀၁၃ ခုအား ရေသန့်စင်စေရန် ကလိုရင်းဆေးခတ်ခြင်း၊ အစားအစာ ဘေးကင်းရှင်းရေးအတွက် စစ်ဆေးခြင်းနှင့် ရေသန့်ဆေးပြားခတ်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် အသိပညာပေးခြင်းများကို စက်တင်ဘာ ၁၂ ရက်မှစ၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ (၁၃၇)ခုအနက် ပို့ကုန်ရငွေ စာရင်းရှင်းလင်းပြီးသော ကုမ္ပဏီ(၅၉)ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာချက်

၁။ ၂၀၁၉ ခုနှစ်တွင် ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ(၁၃၇)ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့်ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိကြောင်း (၄-၆-၂၀၂၂)ရက်စွဲပါသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ ယင်းကုမ္ပဏီ (၁၃၇)ခုအနက် ကုမ္ပဏီ(၅၉)ခုမှာ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ပြီးဖြစ်သဖြင့် အဆိုပါကုမ္ပဏီ(၅၉)ခုနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာ အဖွဲ့ဝင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
( ၂၆ - ၉ -၂၀၂၄)

## ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအနက် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ပြီးသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | A . T . M INTERNATIONAL COMPANY LIMITED | KYAW KYAW WIN | NO.4/6 ANAWYAHTA STREET 8(C), (5)QUARTER PAZUNDOUNG TOWNSHIP, YANGON | 12/PABATA(AEI)000412 |
| | | MA OHN MYINT | | 12/TAMANA(N)099606 |
| | | RA HA NA | | 12/PABATA(AEI)000723 |
| 2 | ABSOLUTE METAL COMPANY LIMITED | AUNG PHYO @ MYINT THU @ SAI LON | YAW ATWIN WUN U PHO HLAING STREET NO.(93) SHWE LIN PAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION 09973434888 | 13/KATANA(N)073334 |
| | | LINN THU @ AUNG MOE | | 13/KATANA(N)111747 |
| | | MYINT SEIN @ YON SEIN | | 12/LAMATA(N)023524 |
| | | THANDAR HTUN@ KHIN KHIN CHAL @ NAN VOE LYAO | | 13/KATANA(N)089008 |
| 3 | ARCHIPELAGO SEAMEN CLUB COMPANY LIMITED | BO BO TUN | Principal Place Of Business In Union-52 A DOCKYARD STREET, DAWBON, YANGON | 5/KANANA(N)034860 |
| | | MYAT THIDAR | | 12/TAMANA(N)121911 |
| 4 | ARYAN GROUP COMPANY LIMITED | DAW SITA DEVI | BOGALAY ZAY STREET, NO.(39/B), 6TH FLOOR , (7) WARD , BOTAHTAUNG TOWNSHIP,, YANGON | 9/MAYAMA(N)083414 |
| | | U RAM AWADESH | | 7/PHAMANA(N)092327 |
| 5 | ASIA LACE EMBROIDERY COMPANY LIMITED | DAW CHO PA PA | WAT MA SOUK WUN HTUNT STREET NO. 193144 WARD, SOUTH DAGON(EAST) INDUSTRIAL ZONE,DAGON MYOTHIT(SOUTH)TSP, YANGON REGION | 12/DAGATA(N)113638 |
| | | DAW KHIN THET MON | | 12/DAGATA(N)061174 |
| | | DAW LI SHE MEI | | 13/KAKHANA(N)016570 |
| | | DENG YANGWEN | | E90494013 |
| | | LIN HSUEH LIANG | | 306197795 |
| 6 | ASIA WIN MANUFACTURING COMPANY LIMITED | DAW AISHA BI BI | BO MIN YAUNG STREET, NO.(129),MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/PABATA(PYU)000513 |
| | | DAW THI THI WIN | | 12/PAZATA(N)029527 |
| | | MS.MOHAMED HANIFA JERDHA-WS BHANU | | Z3084005 |
| | | U AUNG NAING WIN | | 12/MAGATA(N)089674 |
| | | U MYO MIN OO | | 1/MAKANA(N)083396 |
| | | U NAY WIN | | 12/MAGATA(N)008851 |
| | | U NYUNT WIN | | 12/MAGATA(N)033970 |
| | | U TINT TUN WAI | | 12/AHLANA(N)040935 |
| 7 | AUSI MYANMAR COMPANY LIMITED | DAW KHIN KYU KYU SHEIN | THU DA THA NA 1 STREET, NO- 40/B THIN GAN GYUN TOWNSHIP, YANGON REGION | 5/KHATANA(N)000900 |
| | | U MYINT AUNG | | 13/LAYANA(N)030813 |
| 8 | CHUE YADANAR TRADING COMPANY LIMITED | CHUE YADANAR MYO | NEIK BAN STREET,NO.(37), 4 FLOOR THARDU EAST WARD, KYEEMYINDINE TOWNSHIP, YANGON REGION | 12/KAMATA(N)072849 |
| | | WIN MYO THET | | 8/TATAKA(N)014188 |
| | | WIN ZAW | | 10/MALAMA(N)017045 |
| 9 | EDELLE GENERAL TRADING COMPANY LIMITED | DAW HSU MON AUNG | NO.677, BYAMASO STREET, 4B,4/6 BLOCK, SOUTH OKKALAPA TOWNSHIP, YANGON REGION | 5/SAKANA(N)197957 |
| | | KU EUN YOUNG | | M52626436 |
| 10 | GAN DA MAR NA THE COMPANY LIMITED | KYAW WIN TUN | 7TH-FLOOR(B),NO(.140), KAN WEST WARD, MINGA-LAR TAUNG NYUNT T/S, YANGON | 10/PAMANA(N)219165 |
| | | SOE NAING | | 10/PAMANA(N)092672 |
| | | TIN AYE | | PAG-166650 |
| | | WIN SANDY AUNG | | 12/YAKANA(N)082325 |
| | | YE WIN TUN | | 10/PAMANA(N)219164 |
| | | WIN THEIN | | 10/PAMANA(N)092673 |
| 11 | GREAT MOUNT SILVER TRADING COMPANY LIMITED | U ZAW MIN TUN | NO.94, 37TH STREET(MIDDLE) GROUND FLOOR5-WARD, KYAUKTADA TOWNSHIP, YANGON | 12/AHSANA(N)158100 |
| 12 | GREEN LAUREL PHARMACEUTICAL TRADING COMPANY LIMITED | U MYINT NAING | MYA YAR GONE STREET, NO.(16), SHWE MYA YAR HOUSING, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/THAGAKA(N)138872 |
| | | U THEIN WIN | | SPTA-038768 |
| 13 | H B N COMPANY LIMITED | AYE MYA THIDAR | NGA. HTUT KYEE PAGODA STREET 107/109 BAHAN, YANGON REGION | 7/TANGANA(N)134521 |
| | | MR LEE MOO SOO | | M 35731962 |
| 14 | HARRIER COMPANY LIMITED | NYI NYI HTWE | 21/26 SHWE OHN PIN HOUSING .YANSHIN ROAD. YANKIN TOWNSHIP , YANGON REGION | 13/YASANA(N)054810 |
| 15 | HAY SHAN SMILE COMPANY LIMITED | KYI MIN | NO.(115), 92 STREET, KAN SHAE WARD, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/KAMANA(N)099792 |
| | | WIN WIN MAW | | 12/KAKHAKA(N)060953 |
| 16 | H - HTET COMPANY LIMITED | DAW LAE LAE WIN | BALEKA 11TH STREET NO. 325/A 10TH BLOCK , SOUTH OKKALAPA TOWNSHIP, YANGON | 12/OUKATA(N)016858 |
| | | U THET KO KO OO | | 12/OUKATA(N)156339 |
| | | U YAN NAING LIN | | 12/OUKATA(N)177849 |
| 17 | INFRA TRADE COMPANY LIMITED | HTIN LIN AUNG | NO(130/1),THAN THU MAR ROAD 7 FLOOR SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/SAKHANA(N)058308 |
| | | KHIN MAUNG WIN | | 12/MAGADA(N)079692 |
| | | U THAN LWIN | | 12/YAKANA(N)026355 |
| 18 | K L T ENTERPRISE LIMITED | DAW KYI KYI MYA | NO.576, STRAND ROAD, LANMADAW TOWNSHIP, 1ST FLOOR, YANGON, MYANMAR | 12/PABATA(N)029621 |
| | | U TOE LAY | | 12/LAMADA(N)018630 |
| 19 | KHAING & HLAING TRADING COMPANY LIMITED | MIN KHAING | INYAR MYAING ROAD,NO.(23/8), GOLDEN VALLEY (2), BAHAN TOWNSHIP, YANGON REGION | 5/SAKANA(N)005685 |
| | | SIZAR YU HLAING | | 9/MAKANA(N)092679 |
| 20 | KHIN HOKE FAMILY & GROUP COMPANY LTD | DAW CHAN MYAE KYAW | 6-STREET, NO.(67/2), 14-QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/OUKATA(N)128820 |
| | | DAW THINZAR TUN | | 12/OUKAMA(N)187688 |
| | | DR.KHIN LAT LAT MON | | 12/OUKATA(N)120208 |
| | | U HTET LIN AUNG | | 12/OUKATA(N)163821 |
| | | U KHANT MIN THEIN | | 12/OUKAMA(N)214353 |
| | | U KYAW LWIN | | 7/PAKHANA(N)174808 |
| | | U NYI ZAW MYINT | | 12/OUKATA(N)199689 |
| | | U WAI LWIN OO | | 12/AHSANA(N)097573 |
| 21 | LILYPAD COMPANY LIMITE | DAW AYE MIN KHAING | AH-MA- KA (49) KYAUNG STREET NO.(100),TAUNG THU GONE WARD, INSEIN TOWNSHIP, YANGON | 12/AHSANA(N)184316 |
| | | DAW NANG SEIN NWE OO | | 13/TAKANA(N)220850 |
| | | U SETT TUN KHAING | | 12/AHSANA(N)181982 |
| | | U SHWE KHINE | | 12/AHSANA(N)045333 |

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀ မှ

| | | | | |
|---|---|---|---|---|
| 22 | LIN EMPIRE BUSINESS GROUP COMPANY LIMITED | SAN SAN MYINT | NO.5, AYE THARYAR STREET, MAN AUNG QUARTER,TAMWE TOWNSHIPYANGON REGION | 12/MAGATA(N)081968 |
| | | SAW THUREIN HTET | | 12/TAMANA(N)117747 |
| | | THEIN LIN AUNG | | 12/TAMANA(N)002961 |
| 23 | LOYAL EPIC COMPANY LIMITED | DAW KHIN MALAR AYE | 53RD STREET, BUILDING NO.52, 2ND FLOOR, PAZUNDAUNG TOWNSHIP, YANGON REGION | 12/THAGAKA(N)021558 |
| | | DAW KHIN MYAT NANDAR AYE | | 12/THAGAKA(N)173511 |
| 24 | MGAS TRADING COMPANY LTD. | U CHIT KO KO | THIRI KHAY MAR ST. NO. 17, ZAWANA WARD, THINGANKYUN TOWNSHIP, YANGON | 12/THAGAKA(N)203318 |
| | | U MAUNG GYI | | 12/DAGATA(N)008208 |
| 25 | MYANMAR CABLE MART COMPANY LIMITED | PYAYE PHYO TUN | NO. 101-A, DANA AUNG STREET,THUWANA (29) QUARTER, THINGANGYUN TOWNSHIP, YANGON REGION, | 8/GAGANA(N)076494 |
| | | ZAY YAR LWIN | | 12/BATAHTA(N)026834 |
| 26 | MYANMAR SIMCO SONG DA JOINT STOCK COMPANY LIMITED | DUONG VAN TOAN | YANSHIN ROAD,BUILDING (24), ROOM 34, SHWE OHN PIN HOUSING(YANKIN PALM VILLAGE(2)),YANKIN TOWNSHIP, YANGON | C3007556 |
| | | NGUYEN BA KHOAT | | C1350602 |
| | | NGUYEN CONG KIEN | | C3210275 |
| | | NGUYEN MINH HUNG | | B3430733 |
| | | NGUYEN VAN THANTH | | B4975368 |
| 27 | MYANMAR TOP ONE COMPANY LIMITED | DAW THIDA SAN | BUILDING NO.96, NILAR STREET ROOM NO.1,2,3, 4,5 SAW BWAR GYI GONE, INSEIN TOWN SHIP, YANGON REGION | 13/NASANA(N)011269 |
| | | U SHWE HTOO | | 13/NASANA(N)022833 |
| 28 | MYANMAR WOOD MART CO., LTD (အမည်ပြောင်းထားပါသည်) DAWEI RIVER ENTERPRISE COMPANY LIMITED | DAW NAN KHAM PHAUNG | THIRIYADANA WHOLESALES MARKET NO.J(66) NORTH OHKALAPA TOWNSHIP , YANGON | 13/MAHSATA(N)047901 |
| | | U KAW SHIN HAW | | 13/KAKHANA(N)012216 |
| 29 | MYAT KYAW KYAW COMPANY LIMITED | U KYAW THAN | NO.(1/133),SE PIN STREET,TAUNG THAR WARD, PYINMANA TOWHSHIP, NAYPYITAW, 09450062737, onlineking111@gmail.com | 9/PAMANA(N)088116 |
| 30 | MYO MYANMAR TUNN COMPANY LIMITED | U THU RA | KARYA 6 STREET, NO1/136 A MINGALARDON TOWNSHIP,YANGON REGION | 12/LATHAYA(N)003043 |
| 31 | NOBLE GREEN TRADING COMPANY LIMITED | DAW WIN | YAYKU STATION STREET, NO.(44) (8)QUARTER, MAYANGONE TOWNSHIP, YANGON | 11/SATANA(N)000351 |
| | | U AUNG AUNG | | 12/DAGATA(N)046951 |
| | | U THAN WIN | | 12/AHSANA(N)169522 |
| 32 | NYEIN HSU LATT COMPANY LIMITED | DAW NU NU MOE | NO.(833), BO MUE BA HTOO STREET,(133)WARD, DAGON(EAST) TOWN SHIP, YANGON | 12/MAYAKA(N)095337 |
| | | DAW THAE SU SAN | | 5/KATHANA(N)074401 |
| | | U KYAW SWAR HTWE | | 12/MAYAKA(N)109373 |
| | | U THIHA | | 14/KAKANA(N)100664 |
| 33 | ONGOING BUSINESS GROUP LIMITED | DAW KAYTHI WIN AUNG | (40TH) STREET,NO.(242), KYAUKTADA TOWNSHIP, YANGON REGION | 8/THAYANA(N)077031 |
| | | U TUN TUN | | 12/KATATA(N)013577 |
| 34 | PANDAW CRUISES LIMITED | LIN LIN HTUN | NO. 121 KYAW SWAR QUARTER, NAUNG U TOWNSHIP, MANDALAY REGION | 12/KAMATA(N)084627 |
| | | WAH WAH MOE | | 9/NYAOUNA(N)161277 |
| 35 | POPA-L COMPANY LIMITED | KHIN NYO LATT | SEIKKAN THAR STREET, NO.(245),GROUND FLOOR, UPPER BLOCK, KYAUKTADA TOWNSHIP, YANGON REGION | 14/PATHANA(N)057316 |
| | | KHIN AYE MYINT | | 14/PATHANA(N)062654 |
| | | TUN CHIT | | 12/KATATA(N)020993 |
| 36 | QUILLING CARD MYANMAR COMPANY LIMITED | DAW AYE AYE SWE | YADANARMON 2ND STREET, AYE YEIK MON HOUSING NO.9,4TH QUARTER, HLAING TOWNSHIP, YANGON | 12/DAGANA(N)022625 |
| | | HNIN SABEI SWE | | 12/DAGANA(N)022627 |
| 37 | RAJU INTERNATIONAL TRADING COMPANY | U ZAW NAING | SYI BIN STREET,NO.(79), 24 QUARTER, DAGON MYOTHIT(SOUTH) TOWNSHIP,YANGON | 3/BAAHNA(N)319664 |
| 38 | RED PEACOCK COMPANY LIMITED | DAW TIN ZAR MAW | ANAW YAHTAR ROAD, NO,235/A (10)WARD, HLAING THARYAR TOWN SHIP, YANGON | 12/LATHAYA(N)091443 |
| | | DAW YIN MIN TUN | | 12/LATHAYA(N)021532 |
| | | U AYE MIN | | 12/LATHAYA(N)016509 |
| 39 | ROBUST COMMODITIES MYANMAR LTD | DAW THE SU SU AUNG | SULE PAGODA ROAD, NO. (182-194) 3RD FLOOR, UNIT NO.66, KYAUKTADA TOWNSHIP, YANGON REGION | 7/THAWATA(N)115177 |
| | | MR. RAAGHAVAN NAARAYAN | | K 0496837B |
| | | MRS. ANURADHA NAARAYAN | | K0193383R |
| 40 | ROSE CITY (MYANMAR) COMPANY LIMITED | U ARHYUP ALLY | KON ZAY DAN STREET, NO.126/130,PABEDAN TOWNSHIP, YANGON REGION | 12/TAMANA(N)101928 |
| | | U MEHMOOD | | 12/PABATA(N)002580 |
| | | U SHAHABUDEEN | | 12/BATAHTA(N)036602 |
| 41 | SANMIK NATURAL FOOD MYANMAR (PRIVATE) LTD. | MR. PATHMALAL WITHANAGE | NO. 803, MYITTA YEIK MON HOUSING, DAMADARNA STREET, NATCHAUNG QUARTER, TAMWE TOWNSHIP, YANGON | N6556447 |
| | | U HLAING MIN HTIKE | | 13/MAMANA(N)007898 |
| | | U SAN LIN | | 13/THAPANA(N)007045 |
| 42 | SAT WINE INN ARR MINING COMPANY LIMITED | DAW YAN LI WAR @ HLA HLA SAN | 43RD STREET NO.39 , GROUND FLOOR 6 QUARTER/BOTAHTAUNG TOWNSHIP, YANGON | 13/KATANA(AEI)000076 |
| | | U SAI YE KYAUK | | 13/KATANA(N)001431 |
| 43 | SAVITA COMPANY LIMITED | DAW OHN MAR WIN | NO.29/5 FLOOR(B),94TH STREET, KANTAWKALAY SOUTH QUATER/ YANGON/ MINGALAR TAUNG NYUNT TOWNSHIP, YANGON | 14/THAMANA(N)000098 |
| | | U ELAN GO@AUNG NAING | | 12/MAGATA(PYU)000008 |
| | | U MYINT SWE | | 14/PATHANA(N)045385 |
| 44 | SCAI YANGON LIMITED | DAW THAN THAN AYE | NO.3 HIGHWAY ROAD, ROOM 46, 47, BLOCK CC 44-65 THIRIYADANA WHOLESALE MARKET, NORTH OKKALAPA TOWNSHIP, YANGON | 10/THAPHAYA(N)008199 |
| | | MR. TAN SIOW CHUA | | E6516858F |
| | | MS. LEE SWEE HOON | | K1363143R |
| 45 | SEIN FAMILY EXPORT & IMPORT COMPANY LIMITED | DAW SEIN | SHWE YIN AYE PAGODA STREET, HLAING THARYAR INDUSTRY ZONE, NO.189 (A) (5)EXTENSION HLAING THARYAR TOWNSHIP, YANGON | 12/OUKAMA(N)124273 |
| | | U AYE SU | | 12/OUKAMA(N)124812 |
| | | U CHAUNG SU | | 12/OUKAMA(N)124026 |
| | | U HTEIN SU | | 12/LAMANA(N)111651 |
| | | U KYAW MIN OO | | 12/OUKAMA(N)000427 |
| | | U KYIN SU | | 12/OUKAMA(N)149173 |
| | | U MYAING SU | | 12/OUKAMA(AEI)000190 |
| | | U WE SU | | 12/OUKAMA(N)149171 |
| 46 | SEINN YADANAR THAIK COMPANY LIMITED | DAW HKAWN BU | (51ST) STREET, (MIDDLE BLOCK), NO.(93), 7TH FLOOR, WARD NO.(1), PAZUNDAUNG TOWN SHIP, YANGON | 13/KAKHANA(N)043355 |
| | | DAW YAN IN NYO | | 13/TAYANA(N)014564 |
| | | U AUNG NAING | | 13/TAYANA(N)024904 |
| | | U KYAW TUN | | 13/TAYANA(N)014963 |
| 47 | SEMAS MYANMAR MANUFACTURING COMPANY LIMITED | DAW SOE MOE KO | NO.(145/A), TWIN THIN TAIK WUN U TUN NYO STREET, SOUTH DAGON SEIKKAN INDUSTRIAL ZONE, INDUSTRIAL ZONE (1), DAGON SEIKKAN TOWNSHIP, YANGON | 12/LAMATA(N)021752 |
| 48 | SHENG XING DA COMPANY LIMITED | DAW KYAWE CHIN | NO.41,PAN WHAR STREET, YANGON THIT QUARTER, THINGANGYUN TOWNSHIP, YANGON | 13/LAYANA(N)217700 |
| | | U AUNG KYAW ZAWW | | 10/MALAMA(N)128056 |
| 49 | SHWE KYAW ZAW COMPANY LIMITED | DAW SU WAI LINN | AYETHARYAR STREET,NO. (D-44) FMI HOUSING/ YANGON/HLAING THAR YAR, YANGON REGION | 12/DAGANA(N)028592 |
| | | DAW WAI MYO HTET | | 7/PAMANA(N)000288 |
| | | U MINN KHANT | | 12/DAGANA(N)028593 |
| | | U WIN NAING LINN | | 13/THAPANA(N)065511 |

စာမျက်နှာ ၁၂ သို့ »»

# ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများထောက်ပံ့




နေပြည်တော် စက်တင်ဘာ ၂၆

ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့်နေပြည်တော် ကောင်စီ တပ်ကုန်းမြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာများမှ ရေကြီးရေလျှံမှုဒဏ်ကို ခံစားခဲ့ရသော ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်က ဘုရင့်နောင်ရပ်ကွက်ရှိရေဘေးသင့်ပြည်သူများအတွက် မဟာဇနကကျောင်းတိုက်သို့စေတနာအလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုမှ ရရှိခဲ့သည့် ငွေကျပ်သိန်း ၁၄၀၀ အနက် ရပ်ကွက်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းစီနှင့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများကို ဆရာတော် ဘဒ္ဒန္တဝရဥာဏနှင့်အဖွဲ့က သွားရောက်လှူဒါန်းခဲ့ကြသည်။

အလားတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ရေဘေးသင့် ဝန်ထမ်း ၈၁ ဦးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးပိုက်ထွေးနှင့် ဇနီးမိသားစု၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးသူရိန်ဇော်နှင့်ဇနီးမိသားစုတို့က ငွေကျပ်သိန်း ၂၀ နှင့် ရန်ကုန်မြို့မှ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှု ကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို လာရောက်လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူခဲ့သည်။

ဆက်လက်ပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီးမိသားစု၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးပိုက်ထွေးနှင့်ဇနီးမိသားစု၊ ဒုတိယဝန်ကြီး (ငြိမ်း) ဦးသူရိန်ဇော်နှင့် ဇနီးမိသားစုတို့နှင့် ရန်ကုန်မြို့မှ စေတနာရှင် အလှူရှင်များက တပ်ကုန်းမြို့ အတွင်းရှိ ရေဘေးသင့်ပြည်သူ စုစုပေါင်း အိမ်ထောင်စု ၁၀၉ စု အတွက် လှူဒါန်းငွေကျပ် ၉၁ သိန်းနှင့် အခြေခံစားသောက်ကုန်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ကျပ်သိန်း ၂၀၀ကို လှူဒါန်းခဲ့သည်။

အလားတူ တပ်ကုန်းမြို့အတွင်းရှိ ဘုရင့်နောင် အောက်ဆီဂျင် ကူညီရေးအဖွဲ့နှင့် စေတနာရှင်များမှလည်း ဘုရင့်နောင်ရပ်ကွက် အတွင်းရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၈၅ စုအတွက် အခြေခံ စားသောက်ကုန်နှင့် အခြေခံ လူသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှလည်း အလှူငွေများ လှူဒါန်းနိုင်ရန် ဖိတ်ခေါ်ထားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်နှင့် သားဖွားသင်တန်းကျောင်း၊ နေပြည်တော်တို့၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်(**မပျက်မကွက်**) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နံနက် (၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နေ့လယ်(၁၂:၀၀)နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ခုံအမှတ်(၁)မှ(၅၀၀)ထိ | ၃၀-၉-၂၀၂၄ |
| ခုံအမှတ်(၅၀၁)မှ(၁၀၀၀)ထိ | ၁-၁၀-၂၀၂၄ |
| ခုံအမှတ်(၁၀၀၁)မှ(၁၄၂၉)ထိ | ၂-၁၀-၂၀၂၄ |

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၉-၂၀၂၄)

»»» စာမျက်နှာ ၁၁ မှ

| | | | | |
|---|---|---|---|---|
| 50 | SHWE YAUNG SIN TUN COMPANY LIMITED | AYE AYE WIN | MIN YE KYAW SWAR (10) STREET, NO-3/3/563 QUARTER, HLAING THARYAR TOWNSHIP, YANGON REGION, 09-420178658, shweyaungsintun@gmail.com | 12/AHLANA(N)009253 |
| | | THAN HTWE | | 12/AHLANA(N)001814 |
| | | YE HTUT ZAW | | 12/AHLANA(N)044438 |
| 51 | TECHNOLAND COMPUTER TRADING COMPANY LIMITED | MYAT SOE WIN | NO.(162-170), 36TH STREET MIDDLE BLOCK, KYAUKTADA TOWNSHIP, YANGON REGION | 12/LAMATA(N)019335 |
| | | NAW AYE AYE MYAT | | 14/HATHATA(N)001428 |
| 52 | THI HA SOE SAN PRODUCTION CO., LTD | DAW SHU KYI | NO.H/78, AHTHAWKA STREET MAYONGONE TOWNSHIP, YANGON REGION | 14/PATHAYA(N)083745 |
| | | U AUNG THEIN | | 14/PATHAYA(N)083744 |
| | | U MYO MIN AUNG | | 14/PATHANA(N)164678 |
| | | U THANT ZIN SOE | | 13/MAPATA(N)031033 |
| | | U TIN TUN AUNG | | 14/PATHANA(N)164679 |
| 53 | TROPICAL WOODS COMPANY LIMITED | BIL KIS @ HLA HLA WIN | NO.(107/108), MAKHAYAR MINTHAR GYI STREET DAGON SEIKKAN INDUSTRIAL ZONE(.II), DAGON SEIKKAN TOWNSHIP, YANGON REGION 09-961593671, yenooslawfirm@gmail.com | 12/PABATA(N)005293 |
| | | ZAINAB BI BI @ TIN TIN WIN | | 12/PANATA(N)027412 |
| 54 | VENEER INTERNATIONAL MYANMAR COMPANY LIMITED | MR NITESH KUMAR GUPTA | PLOT NO.16, CORNER OF THUKHITAR STREET AND MYA AYAR STREET DAGON SEIKKAN INDUSTRIAL ZONE(II) DAGON SEIKKAN TOWNSHIP, YANGON REGION | Z2084287 |
| | | MR.RAHUL GOPICHAND GUPTA | | Z2333588 |
| | | U MIN KUN HTAW | | 12/DAGANA(N)000455 |
| 55 | VILITHAR INTERNATIONAL TRADING COMPANY LIMITED | DAW NAW EI HTOO PHAW | A STRONG GOLDEN STREET, NO,O-238 FMI CITY, HLAING THARYAR TOWNSHIP, YANGON | 14/MAAHPA(N)350110 |
| | | DAW NAW EI THI PHAW | | 14/MAAHPA(N)297943 |
| 56 | WATERSTONE COMPANY LIMITED | DAW THYNN WYNN AYE | KABARAYE PAGODA ROAD, UNIT 10-5,PEARL CONDO BAHAN, YANGON, | 12/KAMAYA(N)053011 |
| | | DAW WYNN WYNN NYUNT | | 12/THAGAKA(N)191307 |
| 57 | ZARNI LINN COMPANY LIMITED | AUNG WIN | NO.186/188, ROOM (6-A), PANSODAN MIDDLE BLOCK KYAUKTADA TOWNSHIP, YANGON | 12/BATAHTA(N)034134 |
| | | AYE SANDAR HTUN | | 12/THAKATA(N)161719 |
| | | SEIN WIN | | 12/BATAHTA(N)035029 |
| 58 | KAY THI (MYAWADDY) COMPANY LIMITED | DAW KAY THI WIN | NO.299, ROOM (406), GYOE PYHU CONDO, GYOE PHYU STREET, MINGLLAR TAUNG NYUNT, YANGON | 3/KAKAYA(N)068750 |
| | | MA EAINDAW KYAW | | 3/KAWATA(N)063158 |
| | | U PAING NYEIN OO | | 3/MAWATA(N)0218301 |
| 59 | SHWE NAN TAW GENERAL BUSINESS COOPERATION ASSOCIATION LIMITED | U NYUNT WIN | No.18, LONE THWE MHWE STREET, 5 WARD, MYAWADDY, KAYIN STATE | 9/KAPATA(N)057269 |
| | | U TIN MAUNG YI | | 9/KAPAPA(N)066609 |
| | | U TIN SOE | | 3/KATAYA(N)112575 |
| | | DAW THIN THIN YU | | 9/KAPATA(N)027404 |
| | | DAW ZIN MOH MOH MAUNG | | 9/KAPATA(N)181717 |

**✪ အာရှဖလားမှ**

အုပ်စု(I)တွင် မြန်မာအသင်းနှင့်အတူ ဂျပန်၊ ကာဂျစ္စတန်နှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေပြီး အုပ်စုပထမနေ့ အခြားပွဲတွင် ဂျပန်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဂျပန်အသင်း၊ မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ကာဂျစ္စတန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လက်ဘနွန်နိုင်ငံ၌ မြေပြင်စစ်ဆင်ရေးဆင်နွှဲသွားဖွယ်ရှိဟု အစ္စရေးစစ်ဦးစီးချုပ် ဟာဇီဟာလီဗီ ပြောကြား

**ဘေရွတ် စက်တင်ဘာ ၂၆**

လက်ဘနွန်နိုင်ငံ၌ မြေပြင်စစ်ဆင်ရေးဆင်နွှဲသွားဖွယ်ရှိကြောင်း အစ္စရေးစစ်ဦးစီးချုပ် ဟာဇီဟာလီဗီက ယနေ့ ပြောကြားကြောင်း သိရသည်။

အစ္စရေး မြောက်ပိုင်းနယ်စပ်ရှိ တပ်ဖွဲ့ဝင်များကို မိန့်ခွန်းပြောစဉ် အထက်ပါအတိုင်း ဟာဇီဟာလီဗီက မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးအလယ်ပိုင်း၌ တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိစဉ် အစ္စရေးစစ်ဦးစီးချုပ် ဟာဇီဟာလီဗီ၏ ယခုမှတ်ချက်စကား ထွက်ပေါ်လာခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် တဲအဗစ်မြို့ ဆင်ခြေဖုံးရှိ အစ္စရေးထောက်လှမ်းရေးအေဂျင်စီ မော့ဆက်ဌာနချုပ်ကို ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

အလားတူ အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ ပြင်းထန်သော လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆက်နွှယ်သည့် ပစ်မှတ် ၂၈၀ ကျော်ကို ဒုံးကျည်များဖြင့် စက်တင်ဘာ ၂၅ ရက်တွင် ပစ်လွှတ်ခဲ့သည်။ အဆိုပါဒုံးကျည်ပစ်ခတ်မှုများကြောင့် ၅၀ ကျော် သေဆုံးခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့နှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့တို့အကြား တင်းမာမှုများသည် အဆင့်သစ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ကြေညာခဲ့သည်။ အဆိုပါကြေညာချက်သည် လက်ဘနွန်နိုင်ငံ မြောက်ပိုင်းရှိ အစ္စရေးနိုင်ငံသားများ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်စေနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ဘာသာပြန်-အောင်ကျော်ကျော်**






# ထိုင်းနိုင်ငံ၌ ဂျပန်အလုပ်အကိုင်ပြပွဲ ကျင်းပ

**ဗန်ကောက် စက်တင်ဘာ ၂၆**

ဂျပန်နိုင်ငံအတွင်း၌ နိုင်ငံသားအလုပ်သမားရှားပါးလာခြင်းကြောင့် ဂျပန်ကုမ္ပဏီများသည် ထိုင်းနိုင်ငံ၌ အလုပ်အကိုင်ပြပွဲတစ်ခု ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသား အလုပ်သမားများအတွက် အလုပ်အကိုင်ဖန်တီးပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါအလုပ်အကိုင်ပြပွဲကို မြို့တော်ဗန်ကောက်ရှိ Thai-Nichi နည်းပညာအင်စတီကျု၌ ကျင်းပပြီး ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများမှ ဂျပန်ကုမ္ပဏီပေါင်း ၅၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

ယင်းပြပွဲသို့ လူပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ပြီး အဓိကအားဖြင့် ယခုနှစ်တွင် ဘွဲ့ယူမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်းသိရသည်။

ဂျပန်နိုင်ငံတွင် လူငယ်အင်ဂျင်နီယာများကို ငှားရမ်းရန် ပိုမိုခက်ခဲလာသောကြောင့် ၎င်း၏ကုမ္ပဏီသည် နိုင်ငံခြားအလုပ်သမားများကို ခေါ်ယူရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း Takahashi Metal Industries မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Thai-Nichi အင်စတီကျုတွင် ဂျပန်စတိုင် စီးပွားရေးစီမံခန့်ခွဲမှုကို ဂျပန်ဘာသာဖြင့် သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ထိုင်းနိုင်ငံရှိ ဂျပန်စက်ရုံများတွင် လက်တွေ့သင်ကြားမှု ပြုလုပ်ခြင်းအားဖြင့် ဂျပန်နိုင်ငံ၏ လုပ်သားအင်အားဆိုင်ရာ စွမ်းရည်အရင်းအမြစ်တစ်ခု ထွက်ပေါ်လာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

Thai-Nichi နည်းပညာ အင်စတီကျုကို ဂျပန်စက်မှုလုပ်ငန်း၏ ထောက်ပံ့မှုဖြင့် တည်ထောင်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံရှိ ကျောင်းသားများသည် ထိုင်းနိုင်ငံရှိ ဂျပန်ကုမ္ပဏီများတွင်သာမက ဂျပန်နိုင်ငံတွင်ပါ အလုပ်အကိုင်များ ရှာဖွေလျက်ရှိကြောင်း အင်စတီကျု အကြီးအကဲ ရန်ဆန်လတ်န်ဆက်က ပြောကြားသည်။ ကွန်ပျူတာ ကျောင်းသားများအတွက်လည်း အလုပ်အကိုင်ဖန်တီးပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံခြားကုမ္ပဏီများသည် ထိုင်းနိုင်ငံ၌ ၎င်းတို့၏လုပ်ငန်းကို တိုးချဲ့လာသည်နှင့်အမျှ ဝန်ထမ်းကောင်းများ ရရှိရန် ခက်ခဲလျက်ရှိသည်။ ဂျပန်ကုမ္ပဏီများ အပါအဝင် တရုတ်နှင့် တောင်ကိုရီးယားကုမ္ပဏီများသည်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဟာရီကိန်းမုန်တိုင်း ဟီလာနီ အမေရိကန်အရှေ့တောင်ပိုင်းသို့ ချဉ်းကပ်လာ

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အပူပိုင်းမုန်တိုင်းဖြစ်သည့် ဟီလာနီသည် စက်တင်ဘာ ၂၅ ရက်တွင် ဟာရီကိန်းမုန်တိုင်းအဆင့်သို့ ကူးပြောင်းလာပြီး မက္ကဆီကို ပင်လယ်ကွေ့မှတစ်ဆင့် အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်းသို့ ချဉ်းကပ်လာနေကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာက ယနေ့ ပြောကြားသည်။

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်များဖြစ်သည့် ဖလော်ရီဒါ၊ ဂျော်ဂျီယာနှင့် အယ်လ်ဘားမားတို့ရှိ ဒေသခံများမှာ လက်ရှိအချိန်တွင် မုန်တိုင်းကျရောက်မည့် အန္တရာယ်ကိုရင်ဆိုင်နိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ဖလော်ရီဒါကမ်းရိုးတန်းဒေသရှိဒေသခံများအား ဘေးလွတ်ရာသို့ ထွက်ခွာရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီး နိုင်ငံအရှေ့တောင်ပိုင်းဒေသများရှိ စာသင်ကျောင်းများကို ပိတ်ထားသည်။

ဒေသခံများအနေဖြင့် မုန်တိုင်းကျရောက်မည့် အချိန်တွင် ဘေးကင်းရေးအတွက် ကြိုတင်၍ အစီအမံများချမှတ်ထားရန် လိုအပ်ကြောင်း ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတက်က ပြောကြားသည်။

ကမ်းရိုးတန်းဒေသအနီးတွင် တည်ရှိသည့် ပီနေးလတ်စီရင်စုရှိ ဆေးဘက်ဆိုင်ရာအဆောက်အအုံများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ဖွင့်လှစ်ရန် ညွှန်ကြားထားသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖလော်ရီဒါပြည်နယ်တွင် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း သိရသည်။ **ကိုးကား-ဒီဒဗလျူ**

**ဘာသာပြန်- စိုးသူရ**

# ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် ဥရောပဒေသအလယ်ပိုင်း၌ ရေကြီးရေလျှံမှုများဖြစ်ပွား

**ပါရီ စက်တင်ဘာ ၂၆**

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များအဖြစ် ဥရောပဒေသအလယ်ပိုင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း ဥရောပရာသီဥတုလေ့လာရေးအဖွဲ့ တစ်ဖွဲ့၏ လေ့လာမှုအရ သိရသည်။

ကမ္ဘာပေါ်တွင် ရုပ်ကြွင်းလောင်စာများ ထုတ်ယူသုံးစွဲမှု များပြားလာခြင်းကလည်း ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပွားစေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံ ဖြစ်သည်ဟု ပညာရှင်များက ပြောကြားသည်။ လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ရုပ်ကြွင်းလောင်စာ ထုတ်ယူသုံးစွဲမှုကို လျှော့ချရန်နှင့် ၎င်းလောင်စာထုတ်ယူသုံးစွဲသည့်နေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် အစားထိုးရန် ဆောင်ရွက်နေကြသည်။

လက်ရှိအချိန်တွင် ကမ္ဘာကြီး၏ အပူချိန်သည် ၁ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်သို့ရောက်ရှိလာပြီး စက်မှုခေတ်မတိုင်မီက အပူချိန်သို့ ပြန်လည်ရောက်ရှိလာသောကြောင့် ဘောရစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးများဖြစ်လာရသည်ဟု ပညာရှင်များက ထပ်လောင်းပြောကြားသည်။

အကယ်၍ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ၏အပူချိန်သည် နှစ်ဒီဂရီဆဲလ်စီးယပ်သို့ရောက်ရှိလာပါက ဘောရစ်မုန်တိုင်း ကဲ့သို့သော မုန်တိုင်းများဖြစ်ပွားနိုင်ခြေ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်သည်ဟု သိရသည်။ **ကိုးကား-ဒီဒဗလျူ**

**ဘာသာပြန်-စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ အထူးစီးပွားရေးဇုန် ခြောက်ဇုန် တည်ထောင်မည်

**ဂျကာတာ စက်တင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးအတွက် အထူးစီးပွားရေးဇုန် ခြောက်ဇုန်ကို တည်ထောင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး အဲလ် လန်ဂါဟာတာတိုက ပြောကြားသည်။

ယင်းအထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၇၂ ဘီလီယံအထိ ဆွဲဆောင်ကာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံများအတွက် အလုပ်အကိုင် နေရာ ၁၄ သန်းရရှိမည်ဟု သိရသည်။

လက်ရှိအချိန်တွင် အစိုးရက ၎င်းအထူးစီးပွားရေးဇုန်များ တည်ထောင်ရန်အတွက် စည်းမျဉ်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ဒုတိယပတ်တွင် အဆိုပါ စည်းမျဉ်းများ ရေးဆွဲပြီးစီးမည်ဟု သိရသည်။ ၎င်းအထူးစီးပွားရေးဇုန်များအား အရှေ့ဂျာဗားပြည်နယ်၊ အရှေ့ကာလီမန်တန်ပြည်နယ်၊ အနောက်ဂျာဗားပြည်နယ်၊ မြောက်ကာလီမန်တန်ပြည်နယ်နှင့် ဂျာဗားပြည်နယ် အလယ်ပိုင်းတို့တွင် တည်ထောင်မည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဟာတာတိုက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူနှင့်ထားဝယ်ဘူတာအကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူဘူတာနှင့် ထားဝယ်ဘူတာအကြား မိုင်တိုင်အမှတ် ၃၆၄/၁၁-၁၂ ရှိ တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတား၏ အောက်ခံကန့်လန့်ဖြတ်သံပေါင်နှစ်ချောင်း၊ အလျားလိုက်သံပေါင်နှစ်ချောင်း၊ ၇၅ ပေါင်သံလမ်းနှစ်ချောင်း၊ သံလမ်းထိန်း Guard Rail နှစ်ချောင်းနှင့် တံတားအထူးသစ်သားဇလီဖားများပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။







ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရေဖြူနှင့် ထားဝယ်ဘူတာအကြား တံတားအမှတ် (၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှုမှတ်တမ်းဓာတ်ပုံများ။

**ကျူးလွန်**

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၇၂ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@..thuar.minzaw” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ သူရဇော်ဦး(ခ)ကထီးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လွိုင်ကော်မြို့ ရေဘေးကူညီမှုများကို ထိန်းချုပ်ထားကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ကရင်နီပြည်နယ် လွိုင်ကော်မြို့ ရေဘေး ကူညီထောက်ပံ့သည့် ပစ္စည်းများကို ထိန်းချုပ်ထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

**လုပ်ကြံရေးသားဝါဒဖြန့်**

အဆိုပါသတင်းနှင့်ပတ်သက်၍ လွိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များကို လွိုင်ကော်မြို့ရှိ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာရှင်/ အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ နည်းလမ်းမျိုးစုံဖြင့် ပေးပို့လျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ထိုသို့ရေဘေးကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်နေကြောင်း လွိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။




သတင်းစဉ်

# ဒေါပုံမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး ဆက်လက်တိုက်ကျွေး

ဒေါပုံ စက်တင်ဘာ ၂၆

ဒေါပုံမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးစီမံချက်အနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ်ကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ စုရပ်နေရာ ခုနစ်ခုတွင် ဆက်လက်တိုက်ကျွေးလျက်ရှိသည်။

**ပူးပေါင်းပါဝင် ဆောင်ရွက်ပေး**

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေါပုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးမျိုးခိုင်က ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ Volunteer များက ပူးပေါင်းပါဝင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်အတွင်းရှိ သောက်သုံးသင့်သည့် ပြည်သူများအားလုံး သောက်သုံးမှု လွှမ်းခြုံနိုင်ရေးအတွက် ဦးစားပေးအုပ်စုအလိုက် မြို့နယ်အားကစားခန်းမနှင့် သတ်မှတ်ထားသည့် စုရပ်နေရာအသီးသီးတွင် စက်တင်ဘာ ၂၂ ရက်မှ တိုက်ကျွေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၆.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၆.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၉၀၉၇ | ၆၂၇.၆၅ | ၅၆၇၆၅၅ | ၁၈၁၅၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၄.၂၆ | ၂၄၃၉၆ | - | ၆၂၈.၄၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၇၈ | ၆၂၄.၅၀ | ၂၅၈၉၅ | ၂၆၆ | ၁၀.၅၀ | ၁၀၆၀၅ | - | - | ၀.၉၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၈၆ | ၅၁၈.၈၅ | ၈၈၆၃၁ | - | ၁.၁၅ | ၃၁၃၉ | - | - | ၀.၁၄ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၈ | ၅၁၀.၆၅ | ၁၁၂၁၁ | - | ၁.၃၅ | ၁၀၄၆ | - | - | - | ၅၁၀.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၈ | ၄၃၇.၀၀ | ၆၇၀၀၀ | ၂၄ | ၂.၀၀ | ၆၀၀၀ | - | - | - | ၄၃၇.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၆၄ | ၅၃၅.၄၀ | ၇၆၁၅၀ | - | - | - | ၀.၄၀ | ၅၂၉ | - | ၅၃၅.၅၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၆၅ | ၇၉၅၆ | - | ၁.၃၅ | ၇၆၂ | - | - | - | ၄၁၆.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂၂ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၁ | ၆၀၂.၀၀ | ၅၀၀ | - | - | - | ကန်ရေပြည့် | | - | ၆၀၂.၁၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၀ | ၈၆၅.၀၀ | ၁၀၉၈၀ | - | ၅.၀၀ | ၃၆၂၀ | - | - | ၀.၄၂ | ၈၆၅.၁၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

# (၂၆.၉.၂၀၂၄)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏အခြေအနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂၆.၉.၂၀၂၄)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏အခြေအနေ

| စဉ် | ရေလှောင်တမံ/ ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန် ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | ယခင်နေ့ ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှ ရေကျော်သည့် အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့် နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ် ရောက်ရှိရန် လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၄.၀၀ | ၆၃.၈၀ | ၀.၈၀ | -၀.၂၀ | ၇.၂၀ | - | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၃.၉၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၅၀ | ၀.၀၀ | ၅.၀၀ | - | - | - | - |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၁၀ | ၀.၀၀ | ၉.၁၅ | - | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၃၅ | ၀.၀၀ | ၉.၆၅ | - | - | - | - |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၆.၇၀ | ၄၈၇.၅၀ | ၀.၅၀ | ၀.၈၀ | ၁၀.၅၀ | ၀.၉၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၁.၅၀ | ၆၄၂.၂၀ | ၁.၇၀ | ၀.၇၀ | ၁၇.၈၀ | ၁.၈၀ | ၆၅၃.၆၀ | ၁၃.၁၀ | ၃၁.၇.၂၀၁၅ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၇၀ | ၂၂၀.၅၀ | ၀.၅၀ | -၀.၂၀ | ၉.၅၀ | - | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၁၀ | ၀.၀၀ | ၉.၉၀ | - | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ |
| ၉ | ငမြွေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၃၀ | ၀.၀၀ | ၈.၇၀ | - | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ |
| ၁၀ | ဘောနီ | ညောင်လေးပင်/ဒိုက်ဦး | ၁၇၅.၀၀ | ၁၈၇.၀၀ | ၁၇၅.၃၀ | ၁၇၅.၂၀ | ၀.၂၀ | -၀.၁၀ | ၁၁.၈၀ | - | ၁၇၉.၃၀ | ၄.၃၀ | ၈.၁၀.၂၀၂၃ |
| ၁၁ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၉၀ | ၁၅၆.၇၀ | ၀.၇၀ | -၀.၂၀ | ၇.၃၀ | - | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ |
| ၁၂ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၄၀ | ၇၀.၃၀ | ၀.၃၀ | -၀.၁၀ | ၉.၇၀ | ၀.၂၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ |
| ၁၃ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၉၃ | ၁.၄၈ | ၀.၀၀ | ၁၈.၂၁ | - | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ |
| ၁၄ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၃၀ | ၃၀၀.၂၀ | ၀.၂၀ | -၀.၁၀ | ၉.၈၀ | - | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ |
| ၁၅ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၅၀ | ၁၉၄.၅၀ | ၁.၅၀ | ၀.၀၀ | ၉.၀၀ | - | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ |
| ၁၆ | ခဝါ | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၂.၄၀ | ၂၃၁.၀၅ | ၁.၀၅ | -၁.၃၅ | ၈.၉၅ | ၀.၃၃ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၆ |

စာမျက်နှာ ၁၇ သို့ *

✻ စာမျက်နှာ ၁၆ မှ

| စဉ် | ရေလှောင်တမံ/ ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန် ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | ယခင်နေ့ ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှ ရေကျော်သည့် အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့် နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ် ရောက်ရှိရန် လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၁၅ | ၂၅၈.၁၅ | ၃.၁၅ | ၀.၀၀ | ၁၁.၈၅ | ၀.၈၂ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ |
| ၁၈ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၉၀ | ၂၆၆.၅၀ | ၁.၅၀ | -၀.၄၀ | ၁၃.၅၀ | ၀.၃၅ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ |
| ၁၉ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၂.၀၅ | ၁၅၁.၉၀ | ၁.၉၀ | -၀.၁၅ | ၈.၁၀ | ၀.၆၂ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ |
| ၂၀ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၈၀ | ၂၃၆.၆၅ | ၂.၆၅ | -၀.၁၅ | ၉.၃၅ | - | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ |
| | | မကွေးတိုင်းဒေသကြီး | | | | | | | | | | | |
| ၂၁ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၆.၅၀ | ၆၈၅.၇၀ | ၂.၇၀ | -၀.၈၀ | ၂၀.၈၀ | - | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ |
| ၂၂ | ပုလင်း | မကွေး/မြို့သစ် | ၆၈၅.၀၀ | ၇၀၀.၀၀ | ၆၈၆.၂၀ | ၆၈၅.၇၀ | ၀.၇၀ | -၀.၅၀ | ၁၄.၃၀ | - | ၆၉၀.၆၀ | ၅.၆၀ | ၄.၁၀.၂၀၁၁ |
| ၂၃ | စွန်ချောင်း | မကွေး/မြို့သစ် | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၅.၅၀ | ၆၂၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၄.၅၀ | - | ၆၃၀.၂၀ | ၅.၂၀ | ၄.၁၀.၂၀၁၁ |
| ၂၄ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၅၀ | ၁၀၁၃.၁၀ | ၃.၁၀ | ၀.၆၀ | ၁၆.၉၀ | ၀.၇၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၀ |
| ၂၅ | ဝန်ချောင်း(ကဇွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၀၀ | ၄၁၁.၀၀ | ၁.၀၀ | ၁.၀၀ | ၉.၀၀ | - | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ |
| ၂၆ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၃.၅၀ | ၇၆၂.၄၀ | ၂.၄၀ | -၁.၁၀ | ၁၇.၆၀ | ၀.၃၄ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ |
| ၂၇ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၇.၉၀ | ၅၂၇.၃၀ | ၇.၃၀ | -၀.၆၀ | ၃၂.၇၀ | ၀.၀၃ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ |
| ၂၈ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၆၀ | ၆၂၆.၅၀ | ၁.၅၀ | -၀.၁၀ | ၁၃.၅၀ | ၀.၀၅ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ |
| ၂၉ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၅၀ | ၆၀၂.၄၀ | ၀.၄၀ | -၀.၁၀ | ၇.၆၀ | - | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ |
| ၃၀ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၈.၂၀ | ၃၄၈.၁၀ | ၈.၁၀ | -၀.၁၀ | ၃၂.၄၀ | - | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ |
| ၃၁ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၅၀ | ၄၂၁.၂၀ | ၁.၂၀ | -၀.၃၀ | ၁၆.၈၀ | - | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ |
| ၃၂ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၇၀ | ၄၉၅.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ |
| ၃၃ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၆.၀၀ | ၄၃၆.၇၀ | ၂.၇၀ | ၀.၇၀ | ၁၄.၃၀ | ၀.၃၉ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ |
| | | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | |
| ၃၄ | သဖန်းချောင်း | ရမည်းသင်း/ပျော်ဘွယ် | ၈၉၅.၀၀ | ၉၀၃.၀၀ | ၈၉၅.၃၀ | ၈၉၅.၂၀ | ၀.၂၀ | -၀.၁၀ | ၇.၈၀ | - | ၈၉၆.၄၀ | ၁.၄၀ | ၁၂.၁၀.၂၀၁၇ |
| ၃၅ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၄၀ | ၈၄၀.၂၀ | ၀.၂၀ | -၀.၂၀ | ၇.၃၀ | - | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ |
| ၃၆ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၈၀၁.၀၀ | ၇၈၈.၃၀ | ၇၈၈.၃၀ | ၀.၃၀ | ၀.၀၀ | ၁၂.၇၀ | - | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ |
| ၃၇ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၇၀ | ၇၂၂.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ |
| ၃၈ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၆၀ | ၆၄၅.၄၀ | ၀.၄၀ | -၀.၂၀ | ၁၂.၆၀ | - | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ |
| ၃၉ | ပင်းချောင်း | ညောင်ဦး/ ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၃၀ | ၇၉၀.၂၀ | ၀.၂၀ | -၀.၁၀ | ၁၂.၈၀ | - | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ |
| | | နေပြည်တော် | | | | | | | | | | | |
| ၄၀ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၈.၄၇ | ၆၂၇.၆၅ | ၄.၂၆ | -၀.၈၂ | ၃၈.၃၉ | - | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ |
| ၄၁ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၅၀ | ၅၃၅.၄၀ | ၀.၄၀ | -၀.၁၀ | ၁၉.၆၀ | - | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ |
| | | မွန်ပြည်နယ် | | | | | | | | | | | |
| ၄၂ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၂၅ | ၀.၂၅ | -၀.၂၅ | ၉.၂၅ | - | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ |
| ၄၃ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၅၅ | ၅၈.၅၅ | ၀.၅၅ | ၀.၀၀ | ၉.၄၅ | ၀.၄၃ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ |
| | | ရခိုင်ပြည်နယ် | | | | | | | | | | | |
| ၄၄ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၁.၄၀ | ၀.၀၀ | ၈.၆၀ | - | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ |
| | | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | |
| ၄၅ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၈.၀၀ | ၂၁၇.၈၅ | ၁.၈၅ | -၀.၁၅ | ၈.၁၅ | ၀.၁၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ |
| ၄၆ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၉၀ | ၁၀၉.၇၀ | ၂.၇၀ | -၀.၂၀ | ၁၀.၃၀ | ၀.၁၈ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ |
| ၄၇ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၇၀ | ၁၉၆.၇၀ | ၁.၇၀ | ၀.၀၀ | ၈.၃၀ | - | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | | |
| ၄၈ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၆.၉၀ | ၂၁၂၆.၉၀ | ၁.၉၀ | ၀.၀၀ | ၁၃.၁၀ | - | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ |
| ၄၉ | မြို့ကြီး | တောင်ကြီး/ရွာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၅၀ | ၆၉၁.၅၀ | ၂.၅၀ | ၀.၀၀ | ၂၂.၅၀ | ၀.၃၁ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ |
| | | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | | | | | | | | | | |
| ၅၀ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၃.၅၀ | - | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | |
| ၅၁ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၉.၃၀ | ၂၇၈.၅၀ | ၁.၅၀ | -၀.၈၀ | ၈.၅၀ | - | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ |
| ၅၂ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၇.၈၀ | ၃၁၇.၁၀ | ၂.၁၀ | -၀.၇၀ | ၁၂.၉၀ | ၀.၉၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ |
| ၅၃ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၆၀ | ၂၆၂.၄၀ | ၂.၄၀ | -၀.၂၀ | ၁၂.၆၀ | ၀.၇၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ |
| ၅၄ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၁.၇၀ | ၂၉၁.၀၀ | ၃.၀၀ | -၀.၇၀ | ၁၇.၀၀ | ၁.၀၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ |

ရေကျော်ရေလှောင်တမံ (၅၄) ခုရှိပါသည်။ ယခင်နေ့ထက် မြောက်ယမားနှင့် ဝန်ချောင်း(ကဇွန်းမ)ရေလှောင်တမံ(၂)ခု တိုးလာ၍ ငမင်နှင့် မုံရေထိန်းတမံ (၂)ခု လျော့နည်းခြင်းဖြစ်ပါသည်။

ကန်ရေပြည့် ရေလှောင်ပမာဏထက်ပို၍ ရေပိုမိုသိုလှောင်ထားသောရေလှောင်တမံ (၂)ခု ရှိပါသည်။ လိုင်ဗားနှင့် ဂမုန်းရေလှောင်တမံတို့တွင် ကန်ရေပြည့်ရေလှောင်ပမာဏထက်ရေပိုမိုသိုလှောင်ထားပါသည်။

မိုးရေချိန် ( ၂ ) လက်မနှင့်အထက်ရှိသော ရေလှောင်တမံ မရှိပါ။

# တိုင်းဒေသကြီးဝန်ကြီးချုပ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတက်ရောက်



**ပုသိမ် စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ပြုလုပ်ရာ ဧရာဝတီ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာ၊ သန်းခေါင်စာရင်း၏ ဝိသေသလက္ခဏာများ၊ သန်းခေါင်စာရင်းအသုံးဝင်ပုံ၊ ရည်ရွယ်ချက်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် တိကျမှန်ကန်သောလူဦးရေအချက်အလက်များရရှိရန်အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ အထွေထွေ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်တက္ကသိုလ် ဓာတုဗေဒဌာနတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို တာဝန်ရှိသူများက သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းမှ ပို့ချပေးသည့် သင်ခန်းစာများကို သေချာစွာမှတ်သားရန်၊ ကောင်းမွန်စွာ သဘောပေါက်နားလည်ရန်၊ မရှင်း လင်းသည်များကို တင်ပြဆွေးနွေးကြရန်နှင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## မိုင်းရှူးမြို့နယ်၌ မြို့နယ်အဆင့်သန်းခေါင်စာရင်း စာရင်းစစ်/ စာရင်းကောက်ယူမှု လက်တွေ့စမ်းသပ် ကွင်းဆင်းဆောင်ရွက်

**မိုင်းရှူး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင်၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီခွဲက မြို့ပေါ် ရပ်ကွက် အိမ်ခြေ ၆၀ တွင် လက်တွေ့ စမ်းသပ်ကွင်းဆင်းဆောင်ရွက်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်/စာရင်းကောက် သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ စတင်ဖွင့်လှစ်ပြီး သင်တန်းပို့ချရာ ဆရာ ဆရာမခြောက်ဦး၊ သင်တန်းသား သင်တန်းသူ ၅၄ ဦး စုစုပေါင်း ၆၀ ဖြင့် စာရင်းစစ်တစ်ဦးနှင့်စာရင်းကောက် လေးဦးတစ်ဖွဲ့ အဖွဲ့ ၁၂ ဖွဲ့ရှိရာ အိမ်ခြေ ၆၀၊ ကောက်ကွက်(၂)ကွက်ဖြင့် ရပ်/ကျေးစာရေးများနှင့်အတူ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူခဲ့သည်။

အဆိုပါ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းလူ(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်လှစ်သင်ကြား

**ကန်ကြီးထောင့် စက်တင်ဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ ကန်ကြီးထောင့်မြို့နယ်အမှတ် (၁) ရပ်ကွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ဖွင့်လှစ်သင်ကြားရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သန်းခေါင်စာရင်းဆိုင်ရာသမိုင်းကြောင်း သိကောင်းစရာများ၊ မေးမြန်းရမည့် မေးခွန်းများ၊ Mobile Tablet ကိုအသုံးပြု၍ ကောက်ယူရမည့် နည်းစနစ်များ စသည်တို့ကို နည်းပြဆရာ ဆရာမ ၁၃ ဦးတို့က သင်တန်းသား သင်တန်းသူ ၁၅၈ ဦးတို့အား စက်တင်ဘာ ၂၈ ရက်အထိ ၁၀ ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်တကျ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်လတ်မြို့၌ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်လှစ်ပို့ချ

**ကျိုက်လတ် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။



အဆိုပါ သင်တန်းတွင် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာနှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးအစီအမံများ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်၊ စာရင်းစစ်၊ စာရင်းကောက်များ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စာရင်းကောက်ကွက်နှင့် စာရင်းစစ်မြေပုံများ၊ အိမ်အကြောင်းအရာမေးခွန်းများ၊ လူဦးရေဆိုင်ရာ အချက်အလက်မေးခွန်းများစသည့် ဘာသာရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်ကြီးကြပ်၍ တာဝန်ရှိသူများနှင့် နည်းပြ ဆရာ ဆရာမ ၁၃ ဦးတို့က သင်တန်းသား သင်တန်းသူ ၁၆၂ ဦးအား စာတွေ့သင်ကြားခြင်းနှင့် မြေပြင်တွင် ပြည်သူလူထုအတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်လင်မြို့နယ်၌ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်

**လှိုင်လင် စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ် ၊ စာရင်းကောက် သင်တန်းကို စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက လှိုင်လင်မြို့ အမှတ်(၁) ရပ်ကွက်တွင်မြေပြင်ကွင်းဆင်းစမ်းသပ်ကောက်ယူလျက်ရှိသည်။

ထိုသို့မြေပြင်ကွင်းဆင်းစမ်းသပ်ကောက်ယူရာသို့ ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက လိုက်လံကြည့်ရှုအားပေးသည်။

လှိုင်လင်မြို့နယ်တွင် ကောက်ကွက် ၂၅၈ ကွက်ရှိကြောင်း၊ ကောက်ကွက်တစ်ခုလျှင် စာရင်းစစ်တစ်ဦး၊ စာရင်းကောက် လေးဦးပေါင်း ငါးဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ မြို့နယ်တွင် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၉၉ ဦးဖွဲ့စည်းခန့်အပ်ထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ငူမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေး

တောင်ငူ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့သည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့သည် ရေကြီးနစ်မြုပ်ခဲ့သော တောင်ငူမြို့နယ်၊ နှစ်ဆောင်မြိုင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် သောက်သုံးရေတွင်းရေကန်များ ပြန်လည်သန့်စင်ရေမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်း စသည်တို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် စစ်တောင်းမြစ်ရေ ရေကြီးရေလျှံခဲ့မှုကြောင့် တောင်ငူ- ထန်းတပင်သွား လမ်းပေါ်ရှိ လမ်းမိုင်(၁/၀)မှ ထန်းတပင်မြို့အဝင် စစ်တောင်းတံတားအထိ ဆည်မြောင်းတာနှင့် ကားလမ်းများ ကျိုးပေါက်ပျက်စီးခဲ့မှုအပေါ် လမ်းပန်းဆက်သွယ်ရေး ကြာရှည်ပြတ်တောက်မှုမရှိစေရေး ပြန်လည်ပြင်ဆင်နေမှုနှင့် ကားလမ်းဘေးရှိမိုးစပါးစိုက်ကေများရေကြီးနစ်မြုပ်ပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးသွားခဲ့သော မိုးစပါးကေများ ပြန်လည်ကုစားအစားထိုးစိုက်ပျိုးနိုင်ရေး ဆောင်းသီးနှံ မတ်ပဲတိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ (၈)ရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး တောင်ငူမြို့ (၁၈)ရပ်ကွက် ချမ်းသာကြီးဘုရား၌ ယာယီရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အရှိန်အဟုန်မပြတ်ဆောင်ရွက်ပေးရန်၊ ထောက်ပံ့ပေးမည့် အိမ်ထောင်စုများအလိုက် စာရင်းဇယားဖြင့် စနစ်တကျ ထောက်ပံ့ပေးနိုင်ရေး လမ်းညွှန်မှာကြားသည်။ ယင်းနောက် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ အလှူရှင်များလာရောက်လှူဒါန်းထားသည့် ဆန်၊ ဆီနှင့် အခြားစားသောက်ဖွယ်ရာ၊ လူသုံးကုန်ပစ္စည်းများ၊ စားဖိုဆောင်သုံးပစ္စည်းများ စနစ်တကျ စုဆောင်းထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်နေသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များအတွက် ထမင်းဟင်းများ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မုံရွာမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းပွဲ ကျင်းပ

မုံရွာ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မုံရွာမြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်လာသော သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ထူးချွန်ဆုရရှိကြသော သင်တန်းသူများအား ဆုချီးမြှင့်သည်။ သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂ ဒသမ ၈ သန်းဖြင့် သင်တန်းသူ ၁၅ ဦးအား သင်တန်းနည်းပြ နှစ်ဦးဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ ခုနစ်ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

# လှိုင်သာယာမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး တိုက်ကျွေး

လှိုင်သာယာ စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်းကို မြို့နယ်အတွင်းရှိ ဦးတည်အုပ်စုများအား အဖွဲ့ ၆၀ ခွဲကာ တုံ့ပြန်ကာကွယ်ဆေး (OCV)တိုက်ကျွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၇)ရပ်ကွက် အောင်ချမ်းသာ ဓမ္မာရုံ၌ ပြင်ပလူနာ ၉၇ ဦးအား အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်သည်။

ထို့ပြင် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို လိုက်နာရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို လှိုင်သာယာပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာရဲဝင်းထွန်း ဦးဆောင်ပြီး နယ်လှည့်အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# လဲချားမြို့နယ်၌ နွား ၁၀ ကောင်ကို ကျေးရွာကော်မတီထံသို့ လွှဲပြောင်းပေးအပ်

လဲချား စက်တင်ဘာ ၂၆

လွိုင်လင်ခရိုင် လဲချားမြို့၌ စီးပွားရှမ်းပြည်နယ် (တောင်ပိုင်း) ရေး တစ်ဖက်တစ်တစ်လမ်းမှ



အထောက်အကူပြုဖြစ်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ လဲချားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် မွေးမြူထားသည့် (နွားပြာစိမ်း)အမ ၁၀ ကောင်ကို ကျေးရွာကော်မတီထံသို့လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့မကျေးရွာအုပ်စု ဟိုနောင်လုံကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးလှိုင်ဝင်းက မွေးမြူရေးနွားများမွေးမြူနိုင်ရေးအတွက် ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လဲချားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က နွားပြာစိမ်းအမ အကောင်ရေ ၁၀ ကောင်ကို ကျေးရွာကော်မတီထံသို့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လဲချား(ပြန်/ဆက်)

# မိုးညိုမြို့၌ သန်းခေါင်စာရင်း ကောက်ယူရေးသင်တန်း တက်ရောက်နေသူများ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူ

မိုးညို စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ပြီး စာတွေ့၊ လက်တွေ့ပို့ချခဲ့ရာ ယနေ့နံနက် ၉ နာရီက လက်တွေ့သင်ခန်းစာ



အဖြစ် သင်တန်းတက်ရောက်နေသူ ၁၆၄ ဦးက မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်း၍ စမ်းသပ်ကောက်ယူခဲ့သည်။

အဆိုပါ လက်တွေ့စမ်းသပ်ကွင်းဆင်း ကောက်ယူရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




# "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၆**

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ စက်တင်ဘာ ၂၈ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် အမှတ် (၂) မူလတန်းကြို ကျောင်း ပုဇွန်တောင်နှင့် အမှတ် (၆) မူလတန်းကြို ကျောင်း လသာတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည့်အပြင် စက်တင်ဘာ ၃၀ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၈ - ၉ - ၂၀၂၄ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၃၉) တွင် မီးတောက်ထဲတွင် ပိတ်မိနေသောမြွေကြီးကို အသက်ဘေးက လွတ်အောင် ကယ်တင်ပေးလိုက်ရာမှ မိမိတွင်လည်း ကောင်းကျိုးချမ်းသာများ ရရှိခဲ့သော ထင်းခုတ်သမားလေးဖိုးမောင် အကြောင်း တင်ဆက်ထားသည့် "သေတ္တာကို ဖွင့်ကြည့်လိုက်ပါ" မျက်နှာဖုံးကာတွန်း၊ ဖရဲသီးစားပေးခြင်းဖြင့် ရရှိနိုင်မည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများအကြောင်း ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် "ဖရဲသီးစားကြမယ်" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ နမော်နမဲ့နိုင်သော ဂျိုးဂျိုးအကြောင်း တင်ဆက်ထားသည့် "ကီးကီးနဲ့ ဂျိုးဂျိုး" နှစ်မျက်နှာကာတွန်း၊ ရက်လွန်မုန့်များကို ရောင်းချလေ့ရှိသော ဒေါ်တုတ်ကြီး၏ မုန့်ဆိုင်ကို ဆိုင်အနီးရှိ ရက်လွန်အပင်ဟု ဆိုနိုင်သော သစ်ပင်အိုကြီးက လှဲချအပြစ်ပေးလိုက်ပုံအကြောင်း ဖတ်ရှုရမည့် "ရက်လွန်မုန့်က ပွဲတင်ပြန်လေသလား" ဝတ္ထုကဏ္ဍ၊ မြန်မာနိုင်ငံရှိ ရေမြေတောတောင် သဘာဝအလှများအကြောင်း ရေးဖွဲ့ထားသည့် ဆရာငွေးကြည် (စလင်း)၏ "ချစ်ခြင်းဆေးရောင်စုံ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍနှင့် ဉာဏ်စမ်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီခရိုင်၌ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပ

**မြဝတီ စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြဝတီမြို့ အမှတ် (၄) ရပ်ကွက် City Home ခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် မြဝတီမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ မြဝတီမြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့်တာဝန်ရှိသူများက သင်တန်းအဖွဲ့ခေါင်းဆောင် ဆရာ ဆရာမများအား မြို့နယ်စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာများ ပေးအပ်သည်။

မြဝတီမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကောက်ကွက်ပေါင်း ၁၅၈ ကွက်တို့၌ စာရင်းစစ် ၂၄ ဦး၊ စာရင်းကောက် ၆၁ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကောက်ယူသွားမည် ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း (မြဝတီ)**


ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၂၇) (ဩဂုတ်၊ ၂၀၂၄) ထွက်ပြီ




"အိန္ဒိယ၏ နိုင်ငံရေးခရီးရှည်နှင့် မိုဒီ၏ ခြေလှမ်းများ"

၂၀၂၄ ခုနှစ်၊ ဩဂုတ်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၇ တွင်

- အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲနှင့် ရှေ့အလားအလာ
- သမိုင်းမြေမြုပ်မည့် အမေရိကန်ရွေးကောက်ပွဲ
- ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးမုန်တိုင်း အိန္ဒိယကို ဘယ်လိုရိုက်ခတ်နိုင်လဲ
- အာဆီယံ လွတ်လပ်သောကုန်သွယ်ရေး၏ အောင်မြင်မှု
- နည်းပညာစစ်တလင်းဖြစ်လာသည့် ယူကရိန်း
- မလေးရှားနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးကို လေ့လာကြည့်ခြင်း
- အသေးစား နျူကလီးယားဓာတ်ပေါင်းဖို (SMRS)

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၁၅၀၀) ကျပ် — စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၇၇၀)ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၈)ထပ်၊ (Lift)ပါ အဆောက်အဦ၏ ခေါင်းရင်းခြမ်း၊ ပဉ္စမထပ် (၆လွှာ)၊ (အလျား ၁၇ပေX အနံ ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်ဖြစ်သူ ဒေါ်ခင်ဌေးရင် [၁၂/ဥကတ (နိုင်) ၁၅၁၁၈၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းပညာ [၁၂/တမန(နိုင်) ၀၉၆၁၅၀]နှင့် ဒေါ်ယမင်းကျော်ခင်[၁၂/တမန(နိုင်)၀၉၆၁၄၉]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅ ရပ်ကွက်၊ ပန်းခြံ(၁၂)၊ မဟာဗန္ဓုလလမ်းမကြီးမေးတင် ခြံမြေအမှတ်-၁၀၂၄(က) ဦးလှိုင်ဘွား အမည်ပေါက် ပါမစ်မူရင်းနှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်ကြေညာချက်ကို (၁၉-၉-၂၀၂၄)ရက်နေ့၌လည်းကောင်း၊ ခြံမြေအမှတ် ၁၀၂၄(ခ) ဦးခင်မောင်ဦး အမည်ပေါက် ပါမစ်မူရင်းနှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်ကြော်ငြာချက်ကို (၂၃-၁-၂၀၂၃) ရက်နေ့၌လည်းကောင်း အသီးသီး ကြော်ငြာဝယ်ယူထားကြသော်လည်း ယနေ့ (၂၇-၉-၂၀၂၄)ရက်နေ့၌မူ အဆိုပါ အိမ်ခြံမြေပိုင်ဆိုင်မှုများမှာ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိခဲ့ကြသော်လည်း ပါမစ်မူရင်းများမှာမူ (က)နှင့် (ခ)သော်လည်းကောင်း၊ (ခ) နှင့် (က)သော်လည်းကောင်း မှားယွင်းစွာပိုင်ဆိုင် လက်ဝယ်ရှိနေကြသောကြောင့် (က)ပိုင်ဆိုင်မှုအား ဒေါ်အေးသိန်း[၁၁/မအန(နိုင်)၀၂၁၁၇၂]ထံသို့ ခြံမြေအမှတ်-၁၀၂၄(က)မူရင်းနှင့် ဆက်စပ်စာချုပ်မိတ္တူများသော်လည်းကောင်း၊ (ခ)ပိုင်ဆိုင်မှုအား ဦးမြင့်ဘို [၁၁/ကဖန(နိုင်)၀၆၁၄၂၂]ထံသို့ ခြံမြေအမှတ်-၁၀၂၄(ခ)မူရင်းနှင့် ဆက်စပ် စာချုပ်မိတ္တူများသော်လည်းကောင်း နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်များ ချုပ်ဆိုပေးအပ်ခဲ့ကြသည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသိန်းနှင့်ဦးမြင့်ဘို တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၈)**
**အောင်သုခလမ်းမကြီး၊ ပန်းခြံ(၅)၊ တ/၁၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၇၄၁၃၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊မြေကွက်အမှတ်-၁၆၊ ဧရိယာ(၁၂၅၀၈/ပေ)၊မြေကွက်တည်နေရာအမှတ်-၁၆၊ရွှေနှင်းဆီလမ်း၊နွယ်အေးရပ်ကွက်၊ဒေါပုံမြို့နယ်၊ဦးစွန်တရာစီ(KTN-၀၆၅၄၁၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးစွန်တရာစီ(KTN-၀၆၅၄၁၄)(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်အန်ပရာသန်(၁၂/ဒပန(ပြု)၀၀၁၂၀၆)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သည်မှာမှန်ကန်ကြောင်းမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း၊ဦးစွန်တရာစီ၏သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၄)၊ လူနေရပ်ကွက်အမှတ်(၅)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် (၁၁၀/က)၊ ဧရိယာ ၀.၀၂၇ ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိခံစားနေသူ (ဂရန်အမည်ပေါက်သူ) ဦးစိန်အောင်မင်း [၁၂/ကမရ(နိုင်) ၀၃၆၈၈၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဝင်းစိန် [၁၂/ကတတ (ပြု)၀၀၁၁၂၁]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စန္ဒာမြင့် (LL.B)** | **ဒေါ်တင်နှင်းယု (LL.B)** |
| **စဉ်-၁၂၆၁၄(၁-၆-၂၀၁၇)** | **စဉ်-၁၂၁၃၀(၂၈-၂-၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၅/က)၊ ချယ်ရီလမ်း၊ ၅၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၁၃၄၆၀၅၊ ၀၉-၄၂၅၃၀၉၅၃၃**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၂/ချင်းတွင်း အနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၃၂၅၁)၏ မြေငှားစာချုပ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင့်သူဝင်း(ခ)လင်းအောင်(ဘ)ဦးခင်မောင်ဝင်း[၁၂/မဂဒ(နိုင်)၀၈၆၂၀၄] ၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်နန်းကေသီမြင့်(ဘ)ဦးမြင့်သိန်း[၁၂/ရကန(နိုင်)၀၈၁၇၂၄] မှ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာ(မိတ္တူမှန်)၊ မြေငှားစာချုပ် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေငှားရမ်းခပြေစာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်(မူရင်း)၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ မြေငှားစာချုပ်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ တောကိုမှီ၏**

# ငွေစုဆောင်းသူပြည်သူများသို့ အသိပေးကြေညာချက်

## ၁-၉-၂၀၂၄ နေ့မှစ၍ ပြင်ဆင်သတ်မှတ်သော အတိုးနှုန်း

| | | |
|---|---|---|
| (က) ငွေစုဘဏ်အပ်ငွေအတိုးနှုန်း | | ၉ % |
| (ခ) ငွေစုလက်မှတ်အပ်ငွေအတိုးနှုန်း | | ၁၀ % |
| (ဂ) စာရင်းသေအပ်ငွေအတိုးနှုန်း | (၁)လအပ်ငွေ | ၉ % |
| (ဃ) စာရင်းသေအပ်ငွေအတိုးနှုန်း | (၃)လအပ်ငွေ | ၉.၅ % |
| (င) စာရင်းသေအပ်ငွေအတိုးနှုန်း | (၆)လအပ်ငွေ | ၁၀ % |
| (စ) စာရင်းသေအပ်ငွေအတိုးနှုန်း | (၉)လအပ်ငွေ | ၁၀.၅ % |
| (ဆ) စာရင်းသေအပ်ငွေအတိုးနှုန်း | (၁)နှစ်အပ်ငွေ | ၁၁ % |

**မြန်မာ့စီးပွားရေးဘဏ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်)၊
## သန်လျင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်)၊သန်လျင်မြို့မှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းနှင့် ကျိုက်စကိုင်းကျေးရွာအုပ်စုတွင် စနစ်ကျလယ်မြေ(၃၃၀.၇၉)ဧက ဖော်ထုတ်ရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | ပရီမီယံဒီဇယ်ဆီ | ဂါလန် | ၁၆၉၁၉ |
| ၂ | ဂဝံမြေ | ကျင်း | ၉၀၈ |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ( ၂၇.၉.၂၀၂၄ )မှ ( ၁၀.၁၀.၂၀၂၄ )ထိ ရုံးချိန်အတွင်း

၃။ တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ( ၁၁.၁၀.၂၀၂၄ )ရက်၊ ညနေ ( ၄ )နာရီ

၄။ တင်ဒါရောင်းချ/ တင်သွင်းရမည့်နေရာ - စက်မှုလယ်ယာဦးစီးဌာန၊စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး အဖွဲ့(အောက်မြန်မာပြည်)၊သန်လျင်မြို့

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ဖုန်း၊၀၉ . ၄၄၀၂၂၆၉၀၉၊ ၀၉ . ၇၅၀၀၅၆၆၄၀ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## “ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ (၃)လမ်း၊ အမှတ်(၄/၁၇) နေ ဒေါ်ခင်ဆွေသန်း [၉/ပမန(နိုင်)၂၆၀၅၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေသန်းနှင့် ဦးအောင်မျိုးထွန်း [၉/မလန(နိုင်)၁၃၆၄၇၂] တို့သည် ၁၅-၉-၂၀၂၄ ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးအောင်မျိုးထွန်းနှင့် မကွာရှင်းမီတွင်လည်းကောင်း၊ ကွာရှင်းပြတ်စဲပြီးနောက်ပိုင်းတွင်လည်းကောင်း ဦးအောင်မျိုးထွန်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေး အရှုပ်အရှင်းများအား တာဝန်ယူဖြေရှင်းပေးရန် တာဝန်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြင်းခိုင် (LL.B, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၈၃)**
**အမှတ်(၁၈၅)၊ ၃၉-လမ်း(အလယ်)၊ (၈)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၅၇၅၈၈၄**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၅၀) ရပ်ကွက်၊ စိန်ပန်းနီလမ်း၊ အမှတ်(၅၈၄/ဘီ)၊ (၂၀ပေ x ၆၀ပေ)မြေကွက်ကို ဦးအောင်မြင့်ရွှေ [၁၂/ဥကမ(နိုင်)၀၄၃၄၃၆]ထံမှ ဒေါ်ဌေးဌေးမြင့် [၇/ဝမန(နိုင်)၁၄၇၂၃၆] မှ (၂၃-၁-၂၀၁၈)ရက်နေ့တွင် ဝယ်ယူခဲ့ပြီးနောက် ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်နေထိုင်ပါသော (၁)ထပ်နေအိမ်အား မည်သူကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းထားခြင်း၊ လဲလှယ်ထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ တစ်စုံတစ်ရာစီမံခန့်ခွဲထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ဒေါ်ဌေးဌေးမြင့်၏ သဘောတူခွင့်ပြုချက်မရပါဘဲ မည်သူကမျှ အိမ်နှင့်မြေကို စီမံခန့်ခွဲပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်မဥ္ဇူမိုး (LL.B, LL.M, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၃၄/၂၀၂၃)**
**ရုံးခန်းအမှတ်-(၂)၊ မိုးကောင်းလမ်း၊ ၅ လွှာ၊ 6C၊ ရန်ကင်းမြို့နယ်။**
**Ph : 09-401603160**

## ကြော်ငြာစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၇)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၉
## အရွယ်မရောက်သေးသော မောင်ဘုန်းမြတ်သူ နှင့် မဖူးပြည့်မျက်ချယ်တို့၏ လူနှင့် ပစ္စည်းကို အုပ်ထိန်းခွင့်နှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်ခိုင်သဇင်ဦး ----------------- လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုနန္ဒာ (၈)လမ်း၊ အမှတ်(၁၃၈)နေ အရွယ်မရောက်သေးသူများဖြစ်ကြသော မောင်ဘုန်းမြတ်သူနှင့် မဖူးပြည့်မျက်ချယ်တို့၏ အုပ်ထိန်းခွင့်နှင့်တကွ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄+၂၆)၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၁၃၈)၊ ဧရိယာ(၀.၁၃၄)ဧက မြေကွက်အပေါ်၌ အုပ်ထိန်းခွင့်လက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်ခိုင်သဇင်ဦး (လျှောက်ထားခံရသူများ၏ မိခင်တော်စပ်သူ)က အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၄) ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) နေ့ နံနက် (၁၀း၀၀) နာရီတွင် ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုအရွယ်မရောက်သေးသူများဖြစ်ကြသည့် မောင်ဘုန်းမြတ်သူနှင့် မဖူးပြည့်မျက်ချယ်တို့၏ လူနှင့်ပစ္စည်းများတွင် အကျိုးသက်ဆိုင်သူဟု အဆိုရှိသူ မည်သူမဆို လာရောက်ဆိုင်ဆိုပါက အဆိုပါချိန်းဆိုထားသောရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန် ယင်းသို့ အုပ်ထိန်းခွင့်လက်မှတ်မထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲကြည့်ရှုရန် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ-၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ခိုင်သဇင်ဦး၏ လျှောက်လွှာအပေါ်၌ ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နား(ပ)ဝင်းရှိ ဆိုင်ခန်းအမှတ်(ခ-၄)နှင့် ဆိုင်ခန်းအမှတ်(ခ-၆) ဆိုင်ခန်း(နှစ်)ခန်းကို ဦးမျိုးလွင် [၃/ကကရ(နိုင်)၀၁၃၉၀၆] မကွယ်လွန်ခင်အချိန်မှာ ဝယ်ယူထားခဲ့ပါသည်။ ဆိုင်ခန်း(နှစ်)ခန်းကို ဝယ်ယူထားသူ ဦးမျိုးလွင်သည် (၁-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးမျိုးလွင်ကွယ်လွန်ပြီးနောက် ဦးမျိုးလွင်၏ ဇနီး ဒေါ်ရင်ဌေးနှင့် ဦးမျိုးလွင်၏ ကျန်ရစ်သော ညီအစ်ကိုမောင်နှမ(ငါး)ဦးတို့မှ မိသားစုအမွေခွဲဝေခြင်း သဘောတူကတိစာချုပ်အရ ယင်းဆိုင်ခန်း(နှစ်)ခန်းအား ကွယ်လွန်သူ ဦးမျိုးလွင်၏ ကျန်ညီအစ်ကိုမောင်နှမ(ငါး)ဦးမှ ရရှိသည့်မိသားစုအမွေ ခွဲဝေခြင်း သဘောတူကတိစာချုပ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းစာရင်းများထဲတွင် ပါဝင်နေသည့်ပစ္စည်းစာရင်း ဖြစ်နေပါသည်။

ယခုအခါ ဆိုင်ခန်းအမှတ် (ခ-၄)၏ အမည်ပေါက် ဦးမျိုးလွင် [၃/ကကရ(နိုင်)၀၁၃၉၀၆]အမည်မှ ကျန်ညီအစ်ကိုမောင်နှမ(ငါး)ဦးကိုယ်စား ဦးမျိုးသန့် [၃/ကကရ(နိုင်)၀၁၃၉၀၃]အမည်သို့ ပြောင်းလဲခြင်းကိုသော်လည်းကောင်း၊ ဆိုင်ခန်းအမှတ် (ခ-၆) ၏ အမည်ပေါက် ဦးတင်ဟန် [၁၀/မလမ(နိုင်)၀၂၆၇၇၅]အမည်မှ ကျန်ညီအစ်ကိုမောင်နှမ(ငါး)ဦးကိုယ်စား ဦးမျိုးနိုင်(ခ)ဝမ်ဟိုး [၃/ကကရ(နိုင်)၀၁၃၉၀၄]အမည်သို့ ပြောင်းလဲခြင်းကိုသော်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လမ်းနှင့်တံတားဌာနမှာ အထက်ပါဆိုင်ခန်း(နှစ်)ခန်း အမည်ပြောင်းလျှောက်ထားပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအမည်ပြောင်း လျှောက်ထားသည့်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား၊ ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ တာဝန်ခံအရာရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ဖြစ်စေ၊ ကျွန်တော်တို့(နှစ်)ဦးထံသို့ ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြေညာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါဆိုင်ခန်း(နှစ်)ခန်း၏ အမည်ပြောင်းလျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆိုင်ခန်း(နှစ်)ခန်း အမည်ပြောင်းလျှောက်ထားသူ(နှစ်)ဦး**

| | |
|---|---|
| **ဦးမျိုးနိုင်(ခ)ဝမ်ဟိုး** | **ဦးမျိုးသန့်** |
| **[၃/ကကရ(နိုင်)၀၁၃၉၀၄]** | **[၃/ကကရ(နိုင်)၀၁၃၉၀၃]** |

**တို့၏လွှဲအပ်ချက်အရ**
**ဦးချစ်ကိုကို (ရွှေစာရေး)**
**LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ-စဉ်-၁၅၈၉၄(၃-၉-၂၀၁၉)**
**အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊ (၇)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-H)၊ မြေကွက်အမှတ်(၁၅၉)၊ ၀.၁၁၇ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅၉)၊ စက်မှုလက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ ဒေါ်တင်တင်အေး [၁၂/တမန(နိုင်)၀၃၄၃၅၇]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်အေးနှင့် ခင်ပွန်းဖြစ်သူ ဦးစိုးငြိမ်းတို့ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်သန်းသန်းဦး၊ ဒေါ်နွဲ့နွဲ့ခိုင်၊ ဒေါ်စမ်းမြသီတာလှိုင် (ခ) သီတာလှိုင်၊ ဦးမြင့်စိုး၊ ဦးကြည်စိုးနှင့် ဦးထွန်းလင်းတို့ (၆)ဦးအနက် ဦးကြည်စိုး (လူပျိုကြီးဘဝဖြင့်ကွယ်လွန်)၊ သားတစ်ဦးဖြစ်သူ ဦးမြင့်စိုး ကွယ်လွန်သဖြင့် ဇနီး ဒေါ်မိမိခိုင်(ခ)ဒေါ်မြနု [၁၂/တမန(နိုင်) ၀၄၅၃၃၃]နှင့် ကျန်သားတစ်ဦးဖြစ်သူ ဦးထွန်းလင်းသည် မိခင်ထက်စော၍ ကွယ်လွန်သဖြင့် အမွေမမီမြေးများဖြစ်ကြသော ဒေါ်သူဇာစိုး [၁၂/တမန(နိုင်) ၁၂၃၄၄၀]၊ မဖူးပွင့်သော် (၁၂)နှစ် (အရွယ်မရောက်သေးသူကိုယ်စား) အုပ်ထိန်းသူမိခင် ဒေါ်အေးအေးသွယ် [၁၂/တမန(နိုင်)၀၉၈၄၉၉]တို့မှ အမည်ပေါက် ကျန်သားသမီးများဖြစ်ကြသော ဒေါ်သန်းသန်းဦး [၁၂/တမန(နိုင်)၀၃၄၂၃၆]၊ ဒေါ်နွဲ့နွဲ့ခိုင် [၁၂/တမန(နိုင်)၀၀၂၈၁၅]၊ ဒေါ်စမ်းမြသီတာလှိုင်(ခ)ဒေါ်သီတာလှိုင် [၁၂/တမန(နိုင်) ၁၀၂၄၅၂]တို့နှင့်ပူးတွဲ၍ မိမိတို့၏ပိုင်ဆိုင်ခွင့်အစုအသီးသီးအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၂၅-၉-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်တင်တင်အေး၊ ဦးထွန်းလင်း၊ ဦးမြင့်စိုး၊ ဦးကြည်စိုး၊ ဦးစိုးငြိမ်းတို့၏ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၇၆)၊ အကျယ်အဝန်း ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၂) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၇၆)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲမင်းထွန်း အမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ထားသူထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျောက်ကော်စူး [၁၃/ကလတ(နိုင်)၀၃၀၅၁၈] နှင့် ဦးရဲမင်းထွန်း ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၄၈၃/၂၀၁၉)အရ လွှဲအပ်ခြင်းခံရပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်မြင့် [၁၂/ရပသ(နိုင်)၀၃၇၄၆၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍( ၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလွဲ့ဝင်း(L.L.B, D.B.L)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြားတောင်၊ လူနေရပ်ကွက်အမှတ်-ပုလဲ (၃)၊ မြစံပယ်(၂)လမ်း၊ မြေကွက်အမှတ်(၇၃၆+၇၃၉) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၆၀x၅၀)ပေ၊ ဧရိယာ (၀.၀၆၈) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နှင်းနွယ်စိုး [၁၃/သပန(နိုင်)၀၀၀၆၉၁] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၁၅)လမ်း၊ မြေကွက်အမှတ် (ခ/၂၁) ဟုခေါ်တွင်သော အကျယ်အဝန်း $(\frac{၅၇'}{၅၁'} \times \frac{၁၃၇'}{၁၂၂'})$ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြင့်နိုင် [၁၂/အစန(နိုင်)၁၂၁၀၁၂]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၈-ရပ်ကွက်၊ သဇင်ဖြူ(၂)လမ်း၊ အမှတ်-၃/၁၁၉ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁/ကံဘဲ့၊ မြေကွက်အမှတ် - ၃/၁၁၉၊ ဧရိယာ (၀.၀၇၅)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းလှကြည် (ခ) ဆောင်းသန္တာဦး [၁၃/ လခန(နိုင်) ၀၂၀၉၁၅] ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မြအိန္ဒြေခင် [၁၀/ကထန (နိုင်)၁၃၉၂၃၅] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဦး(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

# အသင်းသားများနှင့် အများသိစေရန် ကြေငြာခြင်း

MRESA Myanmar Real Estate Services Association · ARENA ASEAN REAL ESTATE NETWORK ALLIANCE · YRESA Yangon Region Real Estate Services Association

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (Yangon Region Real Estate Services Association Incorporated (YRESA) သည် (၃.၁၀.၂၀၁၈)ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ Company Registration No. 106276781 ဖြင့် အသင်းမှတ်ပုံတင်နှင့် လိုင်စင် ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ပါသည်။

အသင်းအနေဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)၏ လမ်းညွှန်အကြံပြုချက်များကို ရယူ၍ အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ (၂၀၂၃-၂၀၂၆) သက်တမ်းကာလအတွက် အောက်ဖော်ပြပါ အလုပ်အမှုဆောင်၊ အမှုဆောင်(၂၃)ဦးဖြင့် တရားဝင် ဖွဲ့စည်းထားရှိပြီးအသင်းကိစ္စရပ်များအား ဆက်လက်စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်–

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဒေါ်မြတ်မိုမို | ဥက္ကဋ္ဌ | ၁၃။ | ဒေါ်အေးအေးဝင်း | အမှုဆောင် |
| ၂။ | ဦးအောင်ကျော်မျိုး | ဒုဥက္ကဋ္ဌ (၁) | ၁၄။ | ဒေါ်ကျင်လိုင် | အမှုဆောင် |
| ၃။ | ဦးမင်းမင်း(ခ) ဦးကျော်ဆန်းဦး | ဒုဥက္ကဋ္ဌ (၂) | ၁၅။ | ဦးစည်သူထွန်း(ခ)ဦးဇေယျ | အမှုဆောင် |
| ၄။ | ဦးဝင်းသူရဆွေ | ဒုဥက္ကဋ္ဌ (၃) | ၁၆။ | ဒေါ်နိုင်းမြတ်မင်း | အမှုဆောင် |
| ၅။ | ဦးစိုင်းအောင်မြင့် | အတွင်းရေးမှူး | ၁၇။ | ဒေါ်အိအိမာ | အမှုဆောင် |
| ၆။ | ဒေါ်ခင်ခင်သွဲ့ | တွဲဖက် အတွင်းရေးမှူး(၁) | ၁၈။ | ဒေါ်လှလှကြူ | အမှုဆောင် |
| ၇။ | ဦးအောင်ဝင်း | တွဲဖက် အတွင်းရေးမှူး(၂) | ၁၉။ | ဦးဇော်ဇော်လင်း | အမှုဆောင် |
| ၈။ | ဒေါ်စုစန္ဒာမော် (ခ) မငယ်ကြီး | တွဲဖက် အတွင်းရေးမှူး(၃) | ၂၀။ | ဦးကျော်စွာဝင်း | အမှုဆောင် |
| ၉။ | ဒေါ်မျိုးသူဇာလွင် | ဘဏ္ဍာရေးမှူး | ၂၁။ | ဒေါ်တင်တင်အေး | အမှုဆောင် |
| ၁၀။ | ဒေါ်မြင့်မြင့်ရွှေ | တွဲဖက် ဘဏ္ဍာရေးမှူး | ၂၂။ | ဦးမင်းထက်အောင် | အမှုဆောင် |
| ၁၁။ | ဦးအောင်ကျော်ဝင်း | စာရင်းစစ် | ၂၃။ | ဦးငွေးဝင်း | အမှုဆောင် |
| ၁၂။ | ဒေါ်အေးအေးမော် (ခ) ဒေါ်တိုးတိုး | အမှုဆောင် | | | |

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA)သည် (၁၉.၉.၂၀၂၄)ရက်နေ့တွင် 2024-AGM အား အောင်မြင်စွာကျင်းပခဲ့ပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်မူဝါဒ (၅)ရပ်အား ချမှတ်နိုင်ခဲ့ပါသည်။

အလုပ်အမှုဆောင်၊ အမှုဆောင်များ
ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း

အသင်းရုံးလိပ်စာ - ညောင်ပင်လေး ဈေးပလာဇာ၊ အဆောင်(C)၊ ၅လွှာ (B)
ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

09-444966051 09-254312958 09-5165813 09-443249443

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

